# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်၊ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက်၊ သောကြာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၅၇)


## နိုင်ငံတော်၏စီးပွားရေးတန်ဖိုးပမာဏကို ရန်ကုန်တိုင်းက ရှေ့ဆုံးမှအထောက်အကူပြု

- ရန်ကုန်တိုင်းအတွင်း၌ စက်မှုဇုန်အစုအဖွဲ့ပေါင်း ၁၈ ခုရှိ၊ နောက်ထပ်တိုးချဲ့ဖွဲ့စည်းဖြစ်ပေါ်မည့် စက်မှုဇုန်များလည်းရှိ၊
- ရန်ကုန်တိုင်းသည် နိုင်ငံတော်၏ စီးပွားရေးတန်ဖိုး ပမာဏ (ဂျီဒီပီ)ကို ရှေ့ဆုံးမှပါဝင် အထောက်အကူပြုလျက်ရှိ၊
- ရန်ကုန်တိုင်း၏ စီးပွားရေး၌ စက်မှုလက်မှုကဏ္ဍသည် ပမာဏအများဆုံးနေရာတွင် နေရာယူထားပြီးဖြစ်။

### စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများမှာကြား

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ တာဝန်ရှိသူများအားတွေ့ဆုံ၍ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ မှာကြားစဉ်။ (သတင်းစဉ်)





# စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်နှင့်ပုဂ္ဂလိက ဟန်ချက်ညီညီပူးပေါင်းလုပ်ကိုင် ပူးပေါင်းလုပ်ကိုင်မှုအားကောင်းသည်နှင့်အမျှ ပုဂ္ဂလိကစက်မှုလုပ်ငန်း အရှိန်အဟုန်ဖြင့်တိုးတက်လာမည် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရန်ကုန်တိုင်းစက်မှုဇုန်တာဝန်ရှိသူများအား တွေ့ဆုံမှာကြား

**ရန်ကုန် စက်တင်ဘာ ၂၃**

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင်ရှိ ရွှေပြည်သာစက်မှုမြို့ စီမံခန့်ခွဲရေးရုံး ကနောင်ခန်းမ၌ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ တာဝန်ရှိသူများအားတွေ့ဆုံ၍ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆက်စပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻


မြန်မာ့အလင်း

ခေါင်းကြီး

သတင်း

ဆောင်းပါး

အညွှန်း

"စုဆောင်းခံရသည့် နိုင်ငံ၏အားနည်းချက်ကို ဝိုင်းဝန်းကူညီသည့်စနစ်ဖြင့် အပြန်အလှန်နားလည်မှုတည်ဆောက်ကာ ပူးပေါင်းဆောင်ရွက်မှုရှိမှသာ လူကုန်ကူးမှုပြဿနာကို အောင်မြင်စွာတိုက်ဖျက်သွားနိုင်မည်။" ခေါင်းကြီး (စာ-၂)



"မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာ၊ ကြာအင်းဆိပ်ကြီး၊ မော်လမြိုင်ကျွန်းမြို့နယ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ကျေးလက်အနှံ့ဖွင့်လှစ်" နယ်သတင်း(စာ-၁၅)

"မြန်မာနိုင်ငံအမှီအခိုကင်းစွာ ကြီးပွားချမ်းသာလာမည်၊ တောင့်တင်းခိုင်မာလာမည်ကို မလိုလားမရှုဆိတ်သော ပြည်တွင်းပြည်ပရှိ အမျိုးသားသစ္စာဖောက်များနှင့် ယင်းတို့အား လက်သပ်မွေးနေသော နိုင်ငံခြားသားများသည် မြန်မာနိုင်ငံ၏ အောင်မြင်မှုများ ရပ်တန့်ဆုတ်ယုတ်ပျက်ပြားသွားစေရန် သွေးရူးသွေးတန်းကြိုးစားနေကြသည်။" ဦးဖြိုး၏ဆောင်းပါး(စာ-၁၀၊၁၁)

"ကန်တော်ကြီးဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ် ဆက်သွယ်ထားသည့် လူကူးတံတား ၇၅ ရာခိုင်နှုန်းပြီးစီးနေ" သတင်းမှတ်စု (စာ-၂၀)



"အမေရိကန် သမ္မတ ဘုရှ်သည် ယုံကြည်ထိုက်သူ မဟုတ်ဟုဆို" နိုင်ငံတကာသတင်း (စာ-၄)


**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

# မည်သည့်ဟန့်တားနှောင့်ယှက်မှုများ ရှိသည်ဖြစ်စေ အမျိုးသားရေး အကျိုးစီးပွား စွမ်းအားပြည့်ကာကွယ်

မြန်မာတိုင်းရင်းသားများသည် နှစ်ပေါင်းထောင်ချီသည့် အချိန်ကစတင်ပြီး မြန်မာ့ဓလေ့ထုံးစံ၊ ဘာသာရေး အဆုံးအမများအရ အရှက်တရား၊ ကျင့်ဝတ်သိက္ခာ၊ ထုံးတမ်းစဉ်လာဓလေ့များနှင့်အညီ ယဉ်ကျေးသိမ်မွေ့စွာဖြင့် ပြုမူဆက်ဆံနေထိုင်ကြသော အစဉ်အလာကောင်းရှိခဲ့သည်။ မြန်မာ့လူမှုအသိုင်းအဝိုင်းတွင် အသက်ထက်အရှက်ကို တန်ဖိုးထားသည့်အပြင် အရှက်ထက် ဂုဏ်သိက္ခာအား ပို၍တန်ဖိုးထားကြသည်။

ထို့ကြောင့် မြန်မာနိုင်ငံသူ နိုင်ငံသားများသည်မိမိတို့၏ လူမှုကျင့်ဝတ်၊ ဂုဏ်သိက္ခာတို့ကို တန်ဖိုးထားကျင့်ကြံ နေထိုင်လျက်ရှိသည့်အပြင် လူကြီး၊ မိဘ၊ ဆရာသမားများ၏ ပဲ့ပြင်ဆုံးမ ထိန်းကျောင်းမှု၊ သက်ဆိုင်ရာ အဖွဲ့အစည်းဌာနများ၏ ကာကွယ်စောင့်ရှောက်ပေးမှုများဖြင့် လုံခြုံအေးချမ်းစွာ နေထိုင်လျက်ရှိကြသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့်အတူ အဓမ္မစေခိုင်းခြင်း၊ ကလေး သူငယ်များစစ်မှုထမ်းစေခြင်း၊ လူအခွင့်အရေးချိုးဖောက်ခြင်းနှင့် လူကုန်ကူးမှုပြဿနာများကို အလေးအနက်ထားတိုက်ဖျက်လျက်ရှိသည်။ အမျိုးသမီးများ၊ ကလေးသူငယ်များ စောင့်ရှောက်မှုလုပ်ငန်းများကို မြန်မာနိုင်ငံတွင် ၁၉၉၂ ခုနှစ်ကတည်းက အလေးထား လုပ်ဆောင်လျက်ရှိကြသည်။ ၁၉၉၆ ခုနှစ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို စတင်ဖွဲ့စည်းခဲ့ပြီး ယင်းကော်မတီအောက်တွင် အမျိုးသမီးရေးရာလုပ်ငန်းကော်မတီနှင့် လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းကော်မတီတို့ကိုဖွဲ့စည်းကာ အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံတွင် လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီသည် ၁၇-၇-၂၀၀၂ ရက်နေ့မှ ၃၁-၇-၂၀၀၄ရက်နေ့အထိ အမှုပေါင်း ၄၁၂မှုကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။ ရဲအမှုများအနက် ၁၆၆မှုမှ ပြစ်မှုကျူးလွန်သူ ၃၃၅ဦးကို ပြစ်မှုထင်ရှားသဖြင့် ပြစ်ဒဏ်ပေးခဲ့ပြီးဖြစ်သည်။

ပြည်ပနိုင်ငံများသို့ တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်သူများအား ကြီးကြပ်ကွပ်ကဲမှုဗဟိုကော်မတီကို ၂၀၀၁ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး စီမံချက်ဖြင့်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ပညာပေးခဲ့သူ ၇၀၁၈၉၇ဦး၊ တားဆီး၍ မိဘများထံ ပြန်လည်အပ်နှံခဲ့သူ ၁၅၉၅၉ဦးနှင့် ဥပဒေအရ အရေးယူခဲ့ရသူ ၁၄၄၅ ဦး ရှိခဲ့ကြောင်းသိရသည်။

နိုင်ငံတကာဆောင်ရွက်ချက်အနေဖြင့် ၂၀၀၄ခုနှစ် မတ်လ ၃၀ရက်တွင် နိုင်ငံဖြတ်ကျော် အုပ်စုဖွဲ့ကျူးလွန်သည့် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ ကွန်ဗင်းရှင်းနှင့် လူကုန်ကူးမှု နောက်ဆက်တွဲစာချုပ်၊ လူမှောင်ခိုမှု နောက်ဆက်တွဲစာချုပ်များတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ပြီးဖြစ်သည်။ စာချုပ်များပါ ပြဋ္ဌာန်းချက်များအရ မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် လိုအပ်သောလူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေကိုလည်း ရေးဆွဲလျက်ရှိသည်။

လာမည့် အောက်တိုဘာလ ၂၉ရက်တွင်လည်း မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် မဟာမဲခေါင်ဒေသခွဲဆိုင်ရာ လူကုန်ကူးမှုတိုက်ဖျက်ရေးအစည်းအဝေးကျင်းပမည်ဖြစ်ရာ ယင်းအစည်းအဝေး၌ ဒေသတွင်းအလွန်အရေးပါသည့် လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ MoU တစ်ခုကို သဘောတူလက်မှတ်ရေးထိုးရန် စီစဉ်ပြင်ဆင်လျက်ရှိကြောင်းသိရသည်။

ဤကဲ့သို့ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံအတွင်းပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နေချိန်တွင် ၂၀၀၄ခုနှစ် စက်တင်ဘာလ ၁၀ရက်က အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းအပေါ် ထူးခြားသော အားထုတ်မှုမရှိသော နိုင်ငံအဖြစ် ထပ်မံသတ်မှတ်ခဲ့သည်ကို ဝမ်းနည်းဖွယ်ရာ ကြားသိခဲ့ရသည်။

အဆိုပါနိုင်ငံ၏ လုပ်ရပ်သည် လူကုန်ကူးမှု အသုံးပြုသည့်နိုင်ငံတွင် ထိရောက်အောင် ထိန်းချုပ်ရမည့်အစား စုဆောင်းခံရသည့်နိုင်ငံများကိုပင် အဆိုးမြင်ဝါဒဖြင့် လက်ညှိုးထိုးအပြစ်တင်နေခြင်းမျှသာဖြစ်သည်။ ထိုသို့မပြုလုပ်ဘဲ စုဆောင်းခံရသည့်နိုင်ငံ၏ အားနည်းချက်ကို ဝိုင်းဝန်းကူညီသည့်စနစ်ဖြင့် အပြန်အလှန်နားလည်မှု တည်ဆောက်ကာ ပူးပေါင်းဆောင်ရွက်မှုရှိမှသာ လူကုန်ကူးမှုပြဿနာကို အောင်မြင်စွာတိုက်ဖျက်သွားနိုင်မည်ဖြစ်ပေသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ လူသားအကျိုးပြု ဆောင်ရွက်ချက်များသည် မိမိနိုင်ငံ၏ နေအင်အားဖြင့် အမျိုးသားရေးအကျိုးစီးပွား၊ ကမ္ဘာ့လူသားအကျိုးစီးပွားတို့ကို စိတ်ရင်းစေတနာမှန်စွာဖြင့် မည်သည့်ဟန့်တားနှောင့်ယှက်မှုများ ရှိသည်ဖြစ်စေ စွမ်းအားပြည့် ကာကွယ်ဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း အလေးအနက်ပြု တင်ပြလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



# ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း ကျွမ်းကျင်မှုနှင့် နည်းပညာသင်တန်းဖွင့်ပွဲ၌ အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၂၃

**ငွေကြေးခဝါချမှု တိုက်ဖျက်နှိမ်နင်းရေးနှင့် အကြမ်းဖက်သမားများအား ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်မှုနှင့်နည်းပညာ သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက် ၇ နာရီခွဲက မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

**တက်ရောက်**

အဆိုပါ သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံ ဘဏ်များအသင်းနာယက ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ် ခင်ရီ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ပုဂ္ဂလိကဘဏ်များမှ ဖိတ်ကြား ထားသူများ၊ သင်တန်း ဆရာများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကကြီးမှူး၍ စက်တင်ဘာ ၂၄ ရက်အထိ သုံးရက်ကြာ သင်ကြားပို့ချမည်ဖြစ်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ သင်တန်းသား ၄၂ ဦးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲ

**ရန်ကုန် စက်တင်ဘာ ၂၃**

လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် (၃၃၇/က) ပြည်လမ်း လယ်တီ ဝိပဿနာ ကမ္မဋ္ဌာန်း ကျောင်းတိုက်၌ (၇၆)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို စက်တင်ဘာ ၂၉ရက်မှ အောက်တိုဘာ ၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း- ၅၃၄၃၂၉ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

**(က-ပ)**

## မြန်မာနိုင်ငံတော်ပြန်တမ်း

**ရန်ကုန် စက်တင်ဘာ ၂၃**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ရာထူး၊ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးလှသိန်း<br>ဒုတိယပါမောက္ခချုပ်<br>မိတ္ထီလာတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မိတ္ထီလာတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| (ခ) | ဦးတင်မောင်ဦး<br>ဒုတိယပါမောက္ခချုပ်<br>မကွေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မကွေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| (ဂ) | ဦးဖေသောင်း<br>ဒုတိယကျောင်းအုပ်ကြီး<br>လားရှိုးဒီဂရီကောလိပ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ကျောင်းအုပ်ကြီး<br>လားရှိုးဒီဂရီကောလိပ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အထက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |

မြန်မာ့အလင်း
နိုင်ငံတကာသတင်းများ

# အမေရိကန်သမ္မတဘုရှ်သည် ယုံကြည်ထိုက်သူမဟုတ်ဟု ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီ ဝေဖန်ပြောကြား

ဝါရှင်တန် စက်တင်ဘာ ၂၂

**အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်သည် အီရတ်နှင့်ပတ်သက်၍ ယုံကြည်ထိုက်သူမဟုတ်သည့်အပြင် ကမ္ဘာ့ခေါင်းဆောင်များနှင့်လည်း ညှိနှိုင်းဆောင်ရွက်သူမဟုတ်ကြောင်း ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီက အင်္ဂါနေ့၌ ဝေဖန်ပြောကြားလိုက်သည်။**

ဘုရှ်သည် ကုလသမဂ္ဂအထွေထွေညီလာခံ၌ အီရတ်ကို ကျူးကျော်ဝင်ရောက်ခဲ့သည့် သူ၏ ဆုံးဖြတ်ချက်ကို ကာကွယ်ခဲ့ပြီး အီရတ်ကြားဖြတ်အစိုးရကို အထောက်အကူပေးရန် နိုင်ငံခြားခေါင်းဆောင်များကို မေတ္တာရပ်ခံခဲ့ရာ မိန့်ခွန်းပြောပြီး နာရီပိုင်းအကြာ၌ အီရတ်နှင့်ပတ်သက်၍ ဘုရှ်သည် ကမ္ဘာ့ခေါင်းဆောင်များနှင့် ညှိနှိုင်းခြင်းမရှိကြောင်း ကယ်ရီက ပြောကြားခဲ့သည်။

**ပြောကြား**

အီရတ်နှင့်ပတ်သက်သည့် အကြောင်းအရာ အမှန်များကို ဘုရှ်က ပြောခြင်းမရှိသည့်အပြင် မိမိတို့နိုင်ငံနှင့် ကမ္ဘာအတွက် အလွန်တရာအရေးကြီးသော အခွင့်အလမ်းတစ်ရပ်ကို လွဲချော်ခဲ့ကြောင်း ဖလော်ရီဒါပြည်နယ် ဂျက်ဆန်ဗီလ်၌သတင်းထောက်များအား ကယ်ရီက ပြောကြားသည်။

**ဖြေရှင်းရန်လိုအပ်**

ဘုရှ်သည် ကမ္ဘာကြီးကိုဦးဆောင်ရန် မယုံကြည်ထိုက်သူဖြစ်သည့်အပြင် နိုင်ငံခြားခေါင်းဆောင်များ၏ ယုံကြည်မှု ကိုလည်း မရရှိသူဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စုသည် အမှန်တရားနှင့်တကယ်အဖြစ်မှန်ကို ရင်ဆိုင်ဖြေရှင်းရန်လိုအပ်ကြောင်း ကယ်ရီက ဆက်လက်ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## အီရတ်သတင်းအကျဉ်း

☆ ခိုင်လုံသော အချက်အလက် မရဘဲ အီရတ်စစ်ပွဲကို ဘလဲထောက်ခံခဲ့ကြောင်း ဘီဘီစီမှနုတ်ထွက်ရန် ဖိအားပေးခံခဲ့ရသော ညွှန်ကြားရေးမှူးချုပ် ထုတ်ဖော်ပြောကြား။

☆ လေ့ကျင့်သင်ကြားမှုနှင့် စစ်လက်နက်ပစ္စည်း တပ်ဆင်ပေးမှုများတွင် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များအား အမေရိကန်တို့ ပြည့်စုံအောင် လုပ်ဆောင်မပေးခဲ့။

☆ အီရတ်ခုခံတိုက်ခိုက်ရေးသမားတို့ မိုဆူးလ်၌ပစ်ခတ်တိုက်ခိုက်သဖြင့် တူရကီသတင်းထောက်နှစ်ဦးနှင့် အလုပ်သမားနှစ်ဦး ဒဏ်ရာရ။

☆ ဘဂ္ဂဒက်မြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွား။

☆ ဘဂ္ဂဒက်မြို့ရှိ နေအိမ်များနှင့် အဆောက်အအုံများကို အမေရိကန်တပ်ဖွဲ့ဝင် များက ဝင်ရောက်စီးနင်း။

☆ အီရတ်၌ ဓားစာခံများ အသက်အန္တရာယ်မရှိရေးအတွက် တူရကီဆောက်လုပ်ရေးကုမ္ပဏီလုပ်ငန်းများ ရပ်ဆိုင်းထား။

## ဒုတိယမြောက် အမေရိကန် ဓားစာခံအား ပြန်ပေးသမားတို့ သတ်ပစ်လိုက်ပြီ

ဘဂ္ဂဒက် စက်တင်ဘာ ၂၂

**အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားများက ဒုတိယအမေရိကန်ဓားစာခံကို သတ်ပစ်လိုက်ပြီဖြစ်ကြောင်းပြောကြားပြီး အီရတ်အမျိုးသမီးအကျဉ်းသားများကို လွှတ်မပေးလျှင် ဗြိတိသျှဓားစာခံကိုလည်း သတ်မည်ဖြစ်ကြောင်း ခြိမ်းခြောက်လိုက်သည်။**

ဘဂ္ဂဒက်တွင် ကြာသပတေးနေ့က ဓားစာခံအဖြစ် ဖမ်းဆီးခြင်းခံခဲ့ရသော အဆောက်အအုံ ကန်ထရိုက်သုံးဦးအနက် ဗြိတိန်လူမျိုး ကင်းနက်ဘစ်ဂလီတစ်ဦးသာလျှင် အသက်ရှင်နေဆဲရှိသည်။

**သတ်ပစ်ပြီ**

အမေရိကန်ဓားစာခံ ယူဂျင်းအမ်းစထရောင်းအား သတ်ဖြတ်ပြီးနောက် ၂၄နာရီတွင် တောင်းဆိုချက်များကို လိုက်လျောဖြည့်ဆည်းပေးခြင်းမရှိခြင်းကြောင့် နောက်ထပ် အမေရိကန်ဓားစာခံ ဂျက်ဟင်စလီ(၄၈)နှစ်အား သတ်ပစ်လိုက်ပြီဖြစ်ကြောင်း တာဝှစ်နှင့်ဂျီဟက် ပြန်ပေးအုပ်စုက ဝက်ဘ်ဆိုက်မှတစ်ဆင့် ပြောကြားသည်။

အဆိုပါပြန်ပေးအုပ်စုသည် နောက်ဆုံးသတ်မှတ်ချိန် ၂၄နာရီနောက်ပိုင်း ဒုတိယဓားစာခံကို သတ်ဖြတ်ခဲ့ကြောင်း ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။ အကယ်၍ ဗြိတိသျှအစိုးရသည် ဗြိတိသျှဓားစာခံလွတ်မြောက်ရေးအတွက် တောင်းဆိုချက်များ လုပ်ဆောင်မပေးလျှင် သူ၏ ကံကြမ္မာသည်လည်း အလားတူပင်ဖြစ်မည်ဟု ဆိုသည်။

**အမ်အင်အေ၊ရိုက်တာ**





**ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်နေရာအနီး စစ်ယာဉ်တစ်စီးနှင့် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို စက်တင်ဘာ ၂၁ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

**ပစ်ခတ်တိုက်ခိုက်**

**ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်နေသော အီရတ်ပြောက်ကျားများကို စက်တင်ဘာ ၂၁ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## အီရတ်၌ ဓားစာခံများ အသက်အန္တရာယ်မရှိရေး တူရကီ ဆောက်လုပ်ရေးကုမ္ပဏီလုပ်ငန်းများ ရပ်ဆိုင်း

အန်ကာရာ စက်တင်ဘာ ၂၂

**တူရကီဆောက်လုပ်ရေးကုမ္ပဏီဖြစ်သော ဗင်ဆန်၏အလုပ်သမား ၁၀ဦးတို့အား အီရတ်၌ဓားစာခံအဖြစ် ဖမ်းဆီးခြင်းခံခဲ့ရပြီးနောက် ကုမ္ပဏီက ၎င်း၏လုပ်ငန်းများကို အီရတ်၌ရပ်ဆိုင်းလိုက်ကြောင်း အင်္ဂါနေ့က ကြေညာလိုက်သည်။**

**ရပ်ဆိုင်းထား**

မိမိတို့ကုမ္ပဏီနှင့် အပြစ်မဲ့ တူရကီအလုပ်သမား ၁၀ဦးအပေါ် မမှန်မကန်ဆုံးဖြတ်မှုမပြီးပြတ်မချင်း အီရတ်တွင် လုပ်ငန်းဆောင်ရွက်မှုများ မိမိတို့ရပ်ဆိုင်းထားကြောင်း ဗင်ဆန်ကုမ္ပဏီအမှုဆောင်ဘုတ်အဖွဲ့ဥက္ကဋ္ဌ အလီဟောဒါဗီဇီရိုဂလူက ပြောကြားသည်။

**သတင်းထုတ်လွှင့်**

အီရတ်၌လုပ်ငန်းဆောင်ရွက်မှုများ သုံးရက်အတွင်းမရပ်လျှင် ဖမ်းထားသော ကုမ္ပဏီဝန်ထမ်း ၁၀ဦးကိုသတ်ပစ်မည်ဟု ယင်းပြန်ပေးအုပ်စုက ခြိမ်းခြောက်ထားကြောင်း အယ်လ်ဂျာဇီရာက စနေနေ့၌ ထုတ်လွှင့်ခဲ့သည်။

**ပါဝင်ခြင်းမရှိ**

မိမိတို့သည် အီရတ်ပြည်သူများကို အကျိုးပြုရန်သာ ရည်ရွယ်ချက်ထားကြောင်း ၎င်းက ပြောကြားသည်။ ထို့ပြင် ဘဂ္ဂဒက်အနီး၌ အဝေးပြေးလမ်းမကြီး တည်ဆောက်မည့် ဒေါ်လာ ၁၆၁ သန်း စီမံကိန်းတွင် အမေရိကန်တို့ ပါဝင်ခြင်းမရှိကြောင်းလည်း ၎င်းက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ဓားစာခံ လွတ်မြောက်ရေး အာရပ်ကမ္ဘာကကူညီရန် ဗြိတိန်သံအမတ် အကူအညီတောင်းခံထား

လန်ဒန် စက်တင်ဘာ ၂၂

**အီရတ်နိုင်ငံတွင် လွန်ခဲ့သည့်သီတင်းပတ်က ပြန်ပေးဆွဲခံခဲ့ရသူ သုံးဦးအနက် ဗြိတိန်လူမျိုးတစ်ဦးတည်းသာ အသက်ရှင်နေသူအဖြစ် ယုံကြည်ထားကြသည်။**

၎င်း၏မိသားစုဝင်များက ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲကို တိုက်ရိုက်အသနားခံထားပြီး အသက် ၆၂နှစ်အရွယ်ရှိ အင်ဂျင်နီယာ ပြန်လည်လွတ်မြောက်ရေးအတွက် တတ်နိုင်သမျှ ဆောင်ရွက်လျက်ရှိကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးက ၎င်း၏မိသားစုထံ ကတိပြုပြောကြားခဲ့သည်။

ဓားစာခံဖမ်းဆီးထားသူများနှင့် အဆက်အသွယ်ရရှိနိုင်ရန် အီရတ်ဘာသာရေးခေါင်းဆောင်များနှင့် ဆက်သွယ်ထားသည့်အပြင် ဘစ်ဂလီလွတ်မြောက်ရေးအတွက် အာရပ်ကမ္ဘာက ကူညီပေးရန်လည်း ဗြိတိန်သံတမန်က အကူအညီတောင်းခံထားသည်။

ဗြိတိန်နိုင်ငံသည် ဓားစာခံဖမ်းဆီးထားသူများ တောင်းဆိုထားသည့်အတိုင်း လွှတ်ပေးရန် အမျိုးသမီးအကျဉ်းသားများအား ဖမ်းဆီးထားခြင်းမရှိကြောင်း ဗြိတိန်သံတမန်က အလေးထားပြောကြားခဲ့သည်။

**(စီအင်န်အင်န်)**

# အိန္ဒိယ၏ အဝေးသင်ပညာရေးစနစ် တိုးတက်စေရန် ပညာရေးဆိုင်ရာ ဂြိုဟ်တုတစ်လုံး လွှတ်တင်

နယူးဒေလီ စက်တင်ဘာ ၂၁

**အိန္ဒိယနိုင်ငံသည် ပညာရေးဆိုင်ရာလုပ်ငန်းများအတွက် အက်ဂျူဆက် ဂြိုဟ်တုတစ်လုံးကို အိန္ဒိယနိုင်ငံအရှေ့တောင်ပိုင်း အင်ဒရာပရာဒက်ပြည်နယ် ရှီဟာရီကိုတာရှိ အာကာသစခန်းမှ တနင်္လာနေ့တွင် လွှတ်တင်ခဲ့သည်။**

ကီလို ၁၉၅၀ လေးသည့် အက်ဂျူဆက် ဂြိုဟ်တုအား ဂျော်စင်ခရိုနက် ဒုံးပစ်ယာဉ်ဖြင့် သယ်ဆောင်လာသည်။ ၎င်းအား ဂျော်စင်ခရိုနက်မှ ကမ္ဘာပတ်လမ်းကြောင်းသို့ လွှတ်တင်ရန်ထားရှိပြီး ၎င်းကို မတင်ကာ မိနစ်အနည်းငယ်အတွင်း ပစ်လွှတ်ခဲ့သည်။

**ရောက်ရှိ**

ယင်းဂြိုဟ်တုသည် ကီလိုမီတာ ၃၆၀၀၀ အမြင့်သို့ မီးပန်းများ၏ တွန်းကန်အားဖြင့် ရောက်ရှိသွားသည်။

အဆိုပါ ဂြိုဟ်တုသည် ကယ်လ်ပါနာ-၁ နှင့် အင်ဆက်-၃ စီ ဂြိုဟ်တုများနှင့်အတူ တည်ရှိနေမည်ဖြစ်သည်။ ၎င်းဂြိုဟ်တု၏ သက်တမ်းကို ခုနစ်နှစ်ခံအောင် တည်ဆောက်ထားကြောင်း၊ အက်ဂျူဆက်သည် နိုင်ငံတစ်ဝန်းလုံးမှ အဝေးသင်ပညာရေးစနစ်ကို အခြေခံ၍ အပြန်အလှန် အကျိုးသက်ရောက်စေမည့် လိုအပ်ချက်ကို ဖြည့်စွမ်းပေးရန် အဓိကအားဖြင့် ရည်ရွယ်ထားကြောင်း သိရသည်။

၎င်းဂြိုဟ်တုကို ဂျီအက်စ်အယ်ဗွီ(အက်ဖ်-ဝ)၏ ပုံစံအတိုင်း တည်ဆောက်ထားသည်။ ယင်းဂြိုဟ်တုသည် အဆိုပါ ဒုံးပစ်ယာဉ်မှ ပထမဆုံးပစ်လွှတ်ခဲ့သည်။ ၂၀၀၁ခုနှစ် ဧပြီလနှင့် ယမန်နှစ် မေလက စမ်းသပ်ဂြိုဟ်တုနှစ်လုံးကို ပစ်လွှတ်ခဲ့သည်။

**လွှတ်တင်**

ဂျီအက်စ်အယ်ဗွီဂြိုဟ်တုကို ဂျီဆက်-၁ နှင့် ဂျီဆက်-၂ စမ်းသပ်ရေးဂြိုဟ်တုများနှင့်အတူ ကမ္ဘာပတ်လမ်းကြောင်းအတွင်း လွှတ်တင်ထားသည်။အဆိုပါ ဂြိုဟ်တုသည် အိန္ဒိယနိုင်ငံဝေးလံသီခေါင်သောဒေသများတွင် ပညာရေးတိုးတက်စေရန် အထောက်အကူပြုမည်ဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း
နိုင်ငံတကာ သတင်းများ



**တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ကန်စုပြည်နယ် ကျိူချွမ်မြို့ရှိ အာကာသစခန်း ဒုံးပစ်စင်ကို တွေ့ရစဉ်။** (ယင်းဒုံးပစ်စင်သည် အမြင့်ပေ ၃၆၄ ပေရှိပြီး ၂၀၀၃ ခုနှစ် အောက်တိုဘာလက တရုတ်အာကာသယာဉ်မှူး ယန်ဝေလီအာကာသထဲသို့ တက်ရောက်သွားခဲ့သည့် နေရာဖြစ်သည်။)
**(ဓာတ်ပုံ-အင်တာနက်)**



**တရုတ်နိုင်ငံသည် ၂၀၀၈ အိုလံပစ်အားကစားပွဲတော်ကြီးကို အိမ်ရှင်အဖြစ် လက်ခံ ကျင်းပမည်ဖြစ်ရာ ပေကျင်းမြို့လယ်၌ သန့်ရှင်းသပ်ရပ် သစ်လွင် လှပနေသော မိုးမျှော်တိုက်တာ အဆောက်အအုံများကို ဤသို့တွေ့ရသည်။**
(ဓာတ်ပုံ-အင်တာနက်)

# ကမ္ဘာ့ ငတ်မွတ်ခေါင်းပါးမှု တိုက်ဖျက်ရေး အမေရိကန်က အေးတိအေးစက်လုပ်နေ

ကုလသမဂ္ဂ စက်တင်ဘာ ၂၂

**ကမ္ဘာတစ်ဝန်း၌ ငတ်မွတ်ခေါင်းပါးမှုကို တိုက်ဖျက်ရာတွင် ဖွံ့ဖြိုးရေးအထောက်အကူပြုရန်တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံ အပိုကောက်ခံသွားရေး နိုင်ငံ ၁၀၀ကျော်က တနင်္လာနေ့၌ ထောက်ခံခဲ့ကြသော်လည်း ယင်းစီမံကိန်းအပေါ် အမေရိကန်ပြည်ထောင်စုက အေးစက်စက်ရှိခဲ့သည်။**

အကြီးမားဆုံးစိတ်ဓာတ်ချောက်ချားစရာမှာငတ်မွတ်ခေါင်းပါးခြင်းမဟုတ်ဘဲ ထိုငတ်မွတ် ခေါင်းပါးခြင်းကို ဖယ်ရှားမည့်နည်းလမ်းများ မည်သည့်အခါ မိမိတို့ ရမည်ဆိုသောအချက် ရှိမြဲ ရှိခြင်းပင်ဖြစ်ကြောင်း၊ ယခု အချိန်သည် ငတ်မွတ် ခေါင်းပါးခြင်းကို အရေးယူဆောင်ရွက်ရန် အချိန်ဖြစ်ကြောင်း နိုင်ငံ ၁၁၀ လက်မှတ်ရေးထိုးထားသည့် ကြေညာချက်၌ ဖော်ပြထားသည်။ ယင်းကြေညာချက်ကို ကုလသမဂ္ဂ ဌာနချုပ်၌ ကျင်းပသည့် ငတ်မွတ်ခေါင်းပါးမှုဆိုင်ရာ ကမ္ဘာ့ခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေး အပိတ်နေ့၌ သဘောတူခဲ့ကြသည်။

ငွေကြေးအပိုကောက်ခံရေးအတွက် ရွေးချယ်စရာများကို ချပြထားသော ညီလာခံ၌ တင်သွင်းရန် ပြင်ဆင်ထားသည့် ယင်း အစီရင်ခံစာကို အလေးအနက် စဉ်းစားရန်လည်း အစိုးရ အဖွဲ့အစည်းများအား ကြေညာချက်၌ တိုက်တွန်းထားသည်။

**အမ်အင်အေ၊ရိုက်တာ**

# တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့ ဆက်ဆံရေး ပိုမိုတိုးတက်

**ပေကျင်း စက်တင်ဘာ ၂၁**

သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များ မှန်ကန်မှသာလျှင် ဝမ်းနည်းဖွယ်ရာ သမိုင်းဖြစ်ရပ်များ နောက်ထပ် မဖြစ်အောင် ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း တရုတ်ထိပ်တန်း ဥပဒေပြုသူ ဝူဘန်ဂိုက တနင်္လာနေ့တွင် ပေကျင်းမြို့၌ ပြောကြားသည်။

**အမြင်ချင်းဖလှယ်**

ဝူသည် အမျိုးသားပြည်သူ့ကွန်ဂရက်(အင်ပီစီ)၏ အမြဲတမ်းကော်မတီဥက္ကဋ္ဌဖြစ်သည်။၎င်းကဂျပန် အောက်လွှတ်တော်ကိုယ်စားလှယ် ကိုနိုယိုဟိနှင့် တွေ့ဆုံရာတွင် အထက်ပါအတိုင်းပြောကြားလိုက်ခြင်းဖြစ်သည်။နှစ်နိုင်ငံဘက်မှ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးနှင့် အခြားသော ဘုံကိစ္စများအပေါ် နက်ရှိုင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

တရုတ်နှင့် ဂျပန်သည် အိမ်နီးချင်းနိုင်ငံများဖြစ်သကဲ့သို့ ဓလေ့ရိုးရာနှင့် ယဉ်ကျေးမှုစတင်ပုံများတူညီကြသည်။ တရုတ်နှင့် ဂျပန်သည် နှစ်ပေါင်း ၃၀ကျော် သံတမန်ဆက်ဆံရေး ပုံမှန် အနေအထား ရောက်ရှိပြီးကတည်းက နယ်ပယ်ကဏ္ဍအသီးသီးတွင်ပူးပေါင်းရေးနှင့် ဖလှယ်ရေး အစီအစဉ်များ ပိုမိုတိုးတက်ခဲ့သည်။

အထူးသဖြင့် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် အပြန်အလှန် လည်ပတ်ရေးတို့သည် ခိုင်မာစွာ အကျိုးဖြစ်ထွန်းခဲ့သည်ဟု ဝူကပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# နီပေါ-တောင်ကိုရီးယားနှစ်နိုင်ငံ လေကြောင်း တိုက်ရိုက်ပျံသန်းမည်

ခတ္တမန္ဒူ စက်တင်ဘာ ၂၂

**နီပေါနိုင်ငံနှင့် တောင်ကိုးရီးယား နိုင်ငံတို့သည် နှစ်နိုင်ငံလေကြောင်း တိုက်ရိုက်ပျံသန်းရေး စာချုပ်ကို ခတ္တမန္ဒူမြို့၌ လက်မှတ်ရေးထိုး ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း နီပေါအစိုးရ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားလိုက်သည်။**

အဆိုပါသဘောတူညီချက်အရ နှစ်နိုင်ငံအကြား တစ်ပတ်လျှင် ခရီးသည် လေယာဉ်လေးခေါက်၊ ကုန်ပစ္စည်းတင် လေယာဉ်သုံးခေါက် ပျံသန်းမည်ဖြစ်ကြောင်း အဆိုပါ တာဝန်ရှိသူက ဆင်ဟွာသို့ ပြောကြားသည်။

သဘောတူစာချုပ်ကို နီပေါယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် မြို့ပြဆိုင်ရာ ဝန်ကြီးဌာနမှ အတွင်းရေးမှူး လာဗာကူမာဒက်ဗ်ကိုတာနှင့် နီပေါဆိုင်ရာ တောင်ကိုရီးယားသံအမတ်ကြီး ပတ်ဆောင်ဟွန်းတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းစာချုပ်သည် နီပေါနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့အကြား အနာဂတ်တွင် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေး၏ သမိုင်းမှတ်တိုင်တစ်ခုဖြစ်ကြောင်း ဒက်ဗ်ကိုတာက လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် ပြောကြားသည်။

ထိုသို့စာချုပ်ခြင်းသည် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့်ခရီးသွား လုပ်ငန်းကို မြှင့်တင်ရန်အတွက် အခွင့်အလမ်းများ တိုးပွားလာမည်ဖြစ်ကြောင်း ပတ်က ပြောကြားသည်။

နှစ်နိုင်ငံအကြား လေကြောင်း တိုက်ရိုက်ပျံသန်းမှုသည် လောလောဆယ်၌ နီပေါသို့ သွားရောက်လည်ပတ်လိုသော ကိုရီးယားလူမျိုးများနှင့် ကိုရီးယားတွင်အလုပ်လုပ်နေသော နီပေါလူမျိုး အလုပ်သမား ၅၀၀၀ တို့အတွက် အကျိုးပြုမည်ဖြစ်ကြောင်း ပတ်က ထပ်လောင်းပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အခွန်တိုးမြှင့်ကောက်ခံရန် ဖိလစ်ပိုင်သမ္မတပြောကြား

**မနီလာ စက်တင်ဘာ ၂၂**

အခွန်တိုးမြှင့်ကောက်ခံရန် ကိစ္စကိုကွန်ဂရက်နှင့် ပြည်သူတို့ကသဘောမတူလျှင် နှစ်နှစ်အတွင်း စီးပွားရေး အကြီးအကျယ် ထိခိုက်လိမ့် မည်ဟု ဖိလစ်ပိုင်သမ္မတ ဂလိုရီယာမာ ဂါပါဂါလ်အာရိုယိုက သတိပေးလိုက်သည်။

အစိုးရ၏ပြည်ပကြွေးမြီ ဝန်ထုပ်ဝန်ပိုးလျော့နည်းသက်သာစေရန်အတွက် ထိရောက်သောဝင်ငွေ ကောက်ခံမှုစနစ်နှင့် အသုံးစရိတ်ကို စစ်စစ်စီစီလုပ်ခြင်းဖြင့် ပီဆိုဘီလီယံ ၁၈၀(ဒေါ်လာ ၃ဒသမ၂ဘီလီယံကျော်) အခွန်တိုးမြှင့်ရရှိရန် အစိုးရအနေဖြင့် လိုအပ်ကြောင်း သမ္မတအာရိုယိုက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ခိုင်လုံသောအထောက်အထားမရှိဘဲ အီရတ်စစ်ပွဲကို ဘလဲထောက်ခံခဲ့ ဘီဘီစီမှနုတ်ထွက်ရန်ဖိအားပေးခံခဲ့ရသော ညွှန်ချုပ်ထုတ်ဖော်ပြောကြား

လန်ဒန် စက်တင်ဘာ ၂၁

**ဂါဒီယန်းသတင်းစာက ပြုလုပ်ခဲ့သည့် စစ်တမ်းကောက်ယူမှုအသစ်အရ ဗြိတိန်ပြည်သူ ၁၀ဦးလျှင် ခုနစ်ဦးက ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲ အီရတ်မှ ဗြိတိန်တပ်ဖွဲ့များ ရုပ်သိမ်းမည့်ရက်ကို သတ်မှတ်စေလိုကြကြောင်းသိရသည်။ အီရတ်နိုင်ငံတွင် တည်ငြိမ်မှုရှိလာပါက ဗြိတိန်နှင့် အမေရိကန်တပ်ဖွဲ့များ အီရတ်မှထွက်ခွာမည်ဖြစ်သည်ဟု တိုနီဘလဲက တနင်္ဂနွေနေ့တွင်ပြောကြားခဲ့သည်။**

အီရတ်ဝန်ကြီးချုပ် အီယက်ဒ်အလာဝီနှင့် ဆွေးနွေးနေစဉ်အတွင်းမှာပင် အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်မှု၏ နောက်ဆက်တွဲတိုက်ခိုက်မှုများ ဖြစ်လာနိုင်သည်ဟု သတိပေးထားသည်ဆိုသော သတင်းသည် ယခုသီတင်းပတ်ကုန်၌ ပေါ်ထွက်လာခဲ့သည်။

**နုတ်ထွက်**

အလားတူပင် ဘလဲကိုထောက်ခံသူ တစ်ဦးဖြစ်ခဲ့သော ဘီဘီစီသတင်းဌာနမှ ညွှန်ကြားရေးမှူးချုပ်ဂရက်ခ်ဒိုက်သည် ရာထူးမှနုတ်ထွက်ရန် လွန်ခဲ့သော ၁၀ရက်က ဖိအားပေးခြင်းခံခဲ့ရသည်။ အစိုးရသည် ဆက်ဒမ်ဟူစိန်၏ လက်နက်များနှင့် ပတ်သက်သော သတင်းအစီရင်ခံစာကို ပြင်ဆင်ထည့်သွင်းခဲ့သည်ဟု ဘီဘီစီက ထုတ်လွှင့်ခဲ့ပြီးနောက် ဂရက်စ်ဒိုက် နုတ်ထွက်ခဲ့ရခြင်းဖြစ်သည်။

**သဘောတူ**

ယခုအခါဗြိတိန်ပြည်သူများကို လိမ်ညာလှည့်ဖြားရန် အတွက် ဘီဘီစီကို အနိုင်ကျင့်ခဲ့ခြင်းဖြစ်သည်ဟု ဒိုက်က ၎င်း၏မှတ်တမ်းတွင် ထုတ်ဖော်ပြောကြားသည်။ အီရတ်နှင့်ပတ်သက်သည့်ခိုင်လုံသော အထောက်အထား ဘာတစ်ခုမျှ မတွေ့ရသေးဘဲ ဘုရှ်၏အီရတ်စစ်ပွဲအပေါ် ထောက်ခံကူညီရန် ဘလဲက သဘောတူညီခဲ့ကြောင်း ဒိုက်ကပြောကြားခဲ့သည်။

**မျှော်လင့်**

တိုနီဘလဲသည် အီရတ်၌ဖြစ်ပွားနေသော ပဋိပက္ခကို အကြမ်းဖက်တိုက်ဖျက်မှုအဖြစ် အမည်အသစ်တပ်ရန် ကြိုးစားနေသော်လည်း ဗြိတိန်စစ်ဘက်တာဝန်ရှိသူက တိုက်ခိုက်ရေးသမားများအား ရင်ဆိုင်ရမှုဟုသာ မြင်လျက်ရှိသည်။ လေဘာပါတီညီလာခံတွင် အီရတ်ကိစ္စ ရှေ့ဆက်ရန် လက်ခံမှုနည်းပါးမည်ကို ဘလဲအနေဖြင့် မျှော်လင့်ထားနိုင်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**



# ကုလသမဂ္ဂအား အမေရိကန်တို့ လိုတစ်မျိုးမလိုတစ်မျိုးဆက်ဆံ အထွေထွေညီလာခံ၌ ဘုရှ်ကို လှိုက်လှဲစွာ ကြိုဆိုမည်မဟုတ်

ကုလသမဂ္ဂ စက်တင်ဘာ ၂၁

**ကုလသမဂ္ဂနှင့် အမေရိကန်နိုင်ငံတို့၏ဆက်ဆံရေး အခြေအနေသည် တည်ငြိမ်မှုမရှိဘဲ အမေရိကန်တို့က လိုတစ်မျိုးမလိုတစ်မျိုး ဆက်ဆံလျက်ရှိသည်။ ၎င်းတို့အတွက် အကျိုးရှိမည်ဆိုလျှင် အမေရိကန်တို့က ကုလသမဂ္ဂကို ချဉ်းကပ်လေ့ရှိပြီး တစ်ခါတစ်ရံမှာ ကုလသမဂ္ဂအဖွဲ့ကို ပစ်ပယ်ကာ ၎င်းတို့ထင်ရာစိုင်းလေ့ရှိသည်။**

အီရတ်ကိစ္စကြောင့်အမေရိကန်နှင့်အခြားကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကြား နက်ရှိုင်းသောသဘော ထားကွဲပြားမှုများ ဖြစ်ပေါ်ခဲ့ကာ ယခုအချိန်ထိလည်း အဆိုပါကွဲပြားမှုကို မညှိနှိုင်းနိုင်သေးဘဲရှိသည်။ ကုလသမဂ္ဂအထွေထွေညီလာခံဖွင့်ပွဲအခမ်းအနား၌ သမ္မတဘုရှ်လာရောက်သည့်အခါ လှိုက်လှဲစွာ ကြိုဆိုခြင်းခံရမည်မဟုတ်ကြောင်း ဝေဖန်သူများက ပြောကြားကြသည်။

**တရားမဝင်**

သံတမန်များက ယခုအချိန်သည် သဘောထားကွဲပြားမှုများကို ဖယ်ရှားပြီး အလုပ်လုပ်ကြရမည်ဖြစ်ကြောင်း ပြောကြားနေကြသော်လည်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်က မကြာသေးမီကပင် အမေရိကန်တို့၏ အီရတ်နိုင်ငံအပေါ် ကျူးကျော်သည့်စစ်ပွဲသည် တရားမဝင်ကြောင်း ပြောကြားခဲ့သလို လုံခြုံရေးကောင်စီဥက္ကဋ္ဌကလည်း အီရတ်ကိစ္စသည် ကောင်စီဝင်နိုင်ငံအများအပြားအကြား စိတ်ဝမ်းကွဲပြားမှုဖြစ်ပေါ်စေခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

**ကွာဟနေ**

ကိုဖီအာနန်၏ ပြောကြားချက်သည် အမေရိကန်နှင့်အခြားကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအတွင်း ဆက်ဆံရေးပြန်လည်ကောင်းမွန်စေရန်အတွက် ကွာဟမှုအလွန်ကျယ်ဝန်းနေသေးကြောင်း ဖော်ပြချက်ဖြစ်သည်ဟုဆိုသည်။ **(စီအင်န်အင်န်)**

## ဝင်ရောက်စီးနင်း

**ဘဂ္ဂဒက်မြို့တွင် အဆောက်အအုံတစ်ခုအတွင်း ဝင်ရောက်စီးနင်းနေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို စက်တင်ဘာ ၂၀ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



**မြန်မာ့အလင်း**

**နိုင်ငံတကာ သတင်းများ**

## ပျက်စီး

**ဘဂ္ဂဒက်မြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီး ပျက်စီးသွားသည့်နေရာကို စက်တင်ဘာ ၂၀ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ခုခံတိုက်ခိုက်ရေးသမားတို့ မိုဆူးလ်၌ ပစ်ခတ်တိုက်ခိုက် တူရကီသတင်းထောက်နှစ်ဦး အလုပ်သမားနှစ်ဦး ဒဏ်ရာရ

**အန်ကာရာ စက်တင်ဘာ ၂၂**

အီရတ်တွင် လက်နက်ကိုင်တိုက်ခိုက်ရေးသမားအုပ်စုတစ်စုက တနင်္လာနေ့၌ ပစ်ခတ်တိုက်ခိုက်မှုကြောင့် တူရကီနိုင်ငံသားလေးဦးဒဏ်ရာရရှိခဲ့ကြောင်း အနာတိုလီယာ သတင်းဌာနက သတင်းဖော်ပြလိုက်သည်။

**တိုက်ခိုက်ခဲ့**

တူရကီသတင်းထောက်များနှင့် လခြမ်းနီအလုပ်သမားများကို တင်ဆောင်လာသော ယာဉ်အား အီရတ်မြောက်ပိုင်းရှိ မိုဆူးလ်မြို့တွင် လက်နက်ကိုင် ခုခံရေးသမားများက တိုက်ခိုက်ခဲ့ကြောင်း သက်ဆိုင်ရာ သတင်းရုပ်ကွက်များကိုကိုးကားလျက်သတင်းဌာနက ဖော်ပြခဲ့သည်။

**ဒဏ်ရာရ**

ယင်းသို့ပစ်ခတ်မှုကြောင့် သတင်းထောက်နှစ်ဦးနှင့် လခြမ်းနီအလုပ်သမားနှစ်ဦးတို့ ဒဏ်ရာရခဲ့ကြောင်း သတင်းရုပ်ကွက်များက ပြောကြားသော်လည်း နောက်ထပ်အသေးစိတ် ပြောကြားခြင်းမပြုဘဲထားသည်။

**အမ်အင်အေ၊ဆင်ဟွာ**



# လေ့ကျင့်သင်ကြားမှုနှင့် စစ်လက်နက်တပ်ဆင်ပေးမှု အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များအား အမေရိကန်တို့ ပြည့်စုံအောင်လုပ်ဆောင်မပေးခဲ့

ဝါရှင်တန် စက်တင်ဘာ ၂၁

**အမေရိကန်တို့အနေဖြင့် အီရတ်လုံခြုံရေးတပ်ဖွဲ့များအားလေ့ကျင့်သင်ကြားမှုနှင့် စစ်လက်နက်ပစ္စည်းကိရိယာပြည့်စုံအောင် တပ်ဆင်လုပ်ဆောင်ပေးခဲ့ခြင်းမရှိကြောင်း ပင်တဂွန်က တနင်္လာနေ့၌ဝန်ခံလိုက်သည်။**

အီရတ်ရဲတပ်ဖွဲ့၊ နယ်စပ်ထိန်းချုပ်မှုနှင့်အခြားပြည်တွင်းလုံခြုံရေးတပ်ဖွဲ့များတွင် တာဝန်ထမ်းနေကြပြီဖြစ်သော အီရတ် ၁၀၁၀၀၀အနက် ၅၃၀၀၀ ခန့်ကိုသာ ပင်တဂွန်က လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း ဒုတိယဗိုလ်ချုပ်ကြီး ဝေါလ်တာရှပ်က ပြောကြားသည်။

အီရတ်တပ်ဖွဲ့များအတွက် စုစုပေါင်းလိုအပ်သည့်အရေအတွက်နှင့်နှိုင်းယှဉ်လျှင် အီရတ်တပ်ဖွဲ့များ၌ လက်နက် ၄၁ရာခိုင်နှုန်း၊ မော်တော်ယာဉ် ၂၅ ရာခိုင်နှုန်းနှင့် ဆက်သွယ်ရေးပစ္စည်းကိရိယာ ၁၈ရာခိုင်နှုန်းသာရှိသည်ဟု သိရသည်။

ထို့ပြင်ဒုတိယဗိုလ်ချုပ်ကြီးရှပ်က အီရတ်ဝန်ကြီးချုပ် အီယက်ဒ်အလာဝီနှင့်အမေရိကန်စစ်ဘက်ခေါင်းဆောင်များသည် ရဲတပ်ဖွဲ့ဝင်အရေအတွက်ကို ၉၀၀၀၀မှ ၁၃၅၀၀၀သို့လည်းကောင်း၊ နယ်စပ်ထိန်းချုပ်ရေးတပ်ဖွဲ့ဝင်အရေအတွက်ကို ၁၆၀၀၀မှ ၃၂၀၀၀သို့လည်းကောင်း တိုးမြှင့်ထားကြောင်း ပြောကြားသည်။ **(အင်တာနက်)**

# ကမ္ဘာ့အမွေအနှစ်နှင့် မျိုးတုံးကွယ်ပျောက်မည့်မျိုးစိတ်များ ကာကွယ်စောင့်ရှောက်ရေး ယူနက်စကိုအဖွဲ့က တိုးမြှင့်ဆောင်ရွက်သွားမည်

ပေကျင်း စက်တင်ဘာ ၂၀

**ကမ္ဘာ့ထိန်းသိမ်းရမည့် အမွေအနှစ်များနှင့် မျိုးတုံးပျောက်ကွယ်လုနီးပါး ဖြစ်နေသော မျိုးစိတ်များကာကွယ်စောင့်ရှောက်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်မည့် အစီအစဉ်တစ်ရပ်ကို ယူနက်စကိုအဖွဲ့က စတင်ဆောင်ရွက်ခဲ့သည်။**

ကမ္ဘာ့တစ်ဝန်း ဇီဝမျိုးစိတ်များ ခွဲခြားမှုအတွက် စမ်းသပ်စစ်ဆေးရာ နေရာအဖြစ် တရုတ်နိုင်ငံတွင် လုပ်ဆောင်ခဲ့သည်။ ဇီဝမျိုးစိတ်ခွဲခြမ်းစိတ်ဖြာမှုတွင် တိရစ္ဆာန်များ၊ အပင်များစသော သက်ရှိများအားလုံးပါဝင်ပြီး အဆိုပါ တိရစ္ဆာန်နှင့် အပင်များရှင်သန်ပေါက်ဖွားရာ ဂေဟစနစ်ကိုလည်း ကာကွယ်ရေးအတွက် ဆောင်ရွက်မည်ဖြစ်သည်။

တရုတ်နိုင်ငံတွင် ကမ္ဘာက ထိန်းသိမ်းစောင့်ရှောက်ရမည့်နေရာများနှင့် ကွဲပြားခြားနားသော အသွင်နှင့်သက်ရှိများ များပြားစွာရှိခြင်းကြောင့် ယခုကဲ့သို့ စမ်းသပ်မှုနေရာအဖြစ် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာတစ်ဝန်းမှ ကျွမ်းကျင်သူပေါင်း ၁၃၀ကျော်သည် တရုတ်နိုင်ငံယူနန်ပြည်နယ် ကူမင်မြို့တွင် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ စီမံကိန်းတွင် အစိုးရအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**(စီစီတီဗွီ)**

**ပြည့်ဝယူရေနီယံ ထုတ်လုပ်ရေး အစီအစဉ် အီရန်နိုင်ငံ စတင်လုပ်ဆောင်**

**တီဟီရန် စက်တင်ဘာ ၂၂**

ပြည့်ဝယူရေနီယံများ ထုတ်လုပ်ရာတွင် အသုံးပြုသော နျူကလီးယားပစ္စည်းများ ထုတ်လုပ်မှုဆိုင်ရာ စမ်းသပ်မှုလုပ်ငန်းများကို အီရန်နိုင်ငံက စတင် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ကုလသမဂ္ဂ နျူကလီးယားစောင့်ကြည့်ရေးအေဂျင်စီက အီရန်နိုင်ငံအနေဖြင့် ပြည့်ဝယူရေနီယံများ ကင်းမဲ့ရာနေရာအဖြစ် တောင်းဆိုသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ပြီးခဲ့သော စနေနေ့က ချမှတ်ခဲ့သည်။ လိုက်နာဆောင်ရွက်ခြင်းမရှိပါက ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အီရန်နိုင်ငံအပေါ် တားမြစ်ပိတ်ပင်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အီရန်နိုင်ငံကလည်း ယခုကိစ္စကို လုံခြုံရေးကောင်စီက ဆောင်ရွက်ပါက နျူကလီးယားလက်နက်များ မပြန့်ပွားရေးစာချုပ်မှ နုတ်ထွက်မည်ဖြစ်ပြီး ၎င်းတို့၏ နျူကလီးယားအစီအစဉ်မှာ ငြိမ်းချမ်းရေးဆိုင်ရာ ရည်ရွယ်ချက်အတွက်သာ ဖြစ်ကြောင်း ပြောကြားထားသည်။ **(စီအင်န်အင်န်)**

# မြောက်ဦးမြို့ ကိုးသောင်းပုထိုးတော်ဘုရား ပြန်လည်ပြုပြင်တည်ဆောက်ရေးအလှူငွေပေးအပ်

**ရန်ကုန် စက်တင်ဘာ ၂၃**

ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှေးဟောင်းကိုးသောင်း ပုထိုးတော်ဘုရား ပြန်လည်တည်ဆောက်ရန်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမဆောင်၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တက်ရောက်၍ လက်ခံသည်။

## တက်ရောက်

အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းဆွေ၊ ရှေးဟောင်းသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (အောက်မြန်မာပြည်)ဦးထွန်းဇော်၊ ဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဗိုလ်မှူးဌေးလှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင် ဆရာတော် Ven Shefazhao,Golden Pagoda Temple Singapore နှင့် Sri Asia Tourism Service Co., Ltd. မှ Director ဦးလှသိန်းတို့ တက်ရောက်ကြသည်။

## ဆက်ကပ်

အခမ်းအနားတွင် စင်ကာပူနိုင်ငံ ဆရာတော် Ven Shefazhao က အလှူငွေကျပ် ၃၅၈၅၀၀၀၀ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာကို အလှူရှင်ဆရာတော်ထံ ပြန်လည်ဆက်ကပ်သည်။

ထို့နောက်ဝန်ကြီးက လှူဒါန်းမှု အစုစုအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**စက်တင်ဘာ ၂၃ ရက်က ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း တရုတ်ပြည် (၁၃)ကြိမ်မြောက် ရွှေကြက်ဖ-ပန်းတစ်ရာ နိုင်ငံတကာ ရုပ်ရှင်ပွဲတော်သို့ တက်ရောက်ခဲ့ကြသော မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည် ခေါင်းဆောင်သည့်ကိုယ်စားလှယ် အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုစဉ်။** (သတင်းစဉ်)



# လက်ဖွေ့အဖွဲ့ချုပ်ရှေ့လုပ်ငန်းစဉ်များဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၂၃

**မြန်မာနိုင်ငံလက်ဖွေ့အဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးရေးအတွက် မြန်မာနိုင်ငံ လက်ဖွေ့အဖွဲ့ချုပ် အလုပ်အမှုဆောင် အစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီက ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ် ၄၀၅-၄၀၆ ရှိ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမတွင်ကျင်းပရာ မြန်မာနိုင်ငံလက်ဖွေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။**

အစီအစဉ်အရ ရှေးဦးစွာ မြန်မာနိုင်ငံလက်ဖွေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က မြန်မာနိုင်ငံလက်ဖွေ့အဖွဲ့ချုပ်၏ မြန်မာလက်ဖွေ့ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်နေသော ရှေ့လုပ်ငန်း အစီအစဉ်များနှင့် ပတ်သက်၍ အမှာစကား ပြောကြားသည်။**(အပေါ်ပုံ)**

## ညှိနှိုင်းတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံ လက်ဖွေ့အဖွဲ့ချုပ်အတွင်းရေးမှူးဦးစန်းမြင့်က လာမည့် အောက်တိုဘာလအတွင်း ကျင်းပမည့် အသက်(၁၇)နှစ်အောက် လက်ဖွေ့ပြိုင်ပွဲသို့ ဖိတ်ကြားလာခြင်းကိစ္စ၊ ဒီဇင်ဘာလအတွင်း ကျင်းပမည့် အကြိမ်(၂၀) မြောက် အင်ဒိုနီးရှားသမ္မတဖလား လက်ဖွေ့ပြိုင်ပွဲ ဖိတ်ကြားခြင်းကိစ္စ၊ ၂၀၀၄ ခုနှစ် မြန်မာပြည်တံခွန်စိုက် လက်ဖွေ့ပြိုင်ပွဲကျင်းပရေးကိစ္စ၊ မြန်မာ့လက်ရွေးစင် လက်ဖွေ့အသင်း ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ရေးကိစ္စနှင့် မြန်မာနိုင်ငံလက်ဖွေ့အဖွဲ့ချုပ်မှ လက်ဖွေ့နည်းပြဆရာသင်တန်းနှင့် ဒိုင်လူကြီးသင်တန်းများ ဖွင့်လှစ်နိုင်ရေးကိစ္စများနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များ ဆွေးနွေးညှိနှိုင်း တင်ပြကြသည်။

## ညှိနှိုင်းဆောင်ရွက်

အစည်းအဝေး တက်ရောက်လာကြသူများ၏ ဆွေးနွေးညှိနှိုင်းတင်ပြချက်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံလက်ဖွေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **(မြန်မာ့အလင်း)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၄-၉-၂၀၀၄ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရား ကြီး နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မင်းကွန်း ဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိမော်ကွန်း "သတ္တမဆယ်စုနှစ်" (အပိုင်း-၂)
- ၇:၅၀ ၅။ သံသာချိုတေးမင်္ဂလာတေး
- ၈:၀၅ ၆။ ရိုးရာကျေးလက်ကစားနည်း
- ၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၈:၂၀ ၈။ နဂါးရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ English for Everyday Use.

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Demonastration Exercises for correct Pronunciation
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သတ္တဗေဒ အထူးပြု) (သတ္တဗေဒ)
- ၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၇:၃၀ ၇။ ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် ဓမ္မပူဇာတေး (အခြေခံပညာ ၁၅-၂၀နှစ်) (အမျိုးသား)
- ၁၇:၄၀ ၈။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
- ၁၇:၅၀ ၉။ ဂီတမဟာပျော်စရာ
- ၁၈:၀၅ ၁၀။ မြန်မာစာ၊ မြန်မာစကား
- ၁၈:၁၅ ၁၁။ Discovery.
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လူချွန်လူကောင်း"** (အပိုင်း-၁၄)
- ၁၉:၃၅ ၁၅။ နှောင်းခေတ်တေးပဒေသာ
- ၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ မြန်မာဗီဒီယိုဇာတ်လမ်း **"မိုးပွင့်တစ်ပုဒ် သက်တံတစ်နွယ်"** (အပိုင်း-၂) (လူမင်း၊ ထွန်းအိန္ဒြာဗို၊ ပွင့်နဒီမောင်) (ဒါရိုက်တာ-နှောင်ထွန်းလွင်၊ ညီညီထွန်းလွင်)

# ဓမ္မဒူတအရှင်ဆေကိန္ဒ တရားပွဲများ

**ရန်ကုန် စက်တင်ဘာ ၂၃**

တရားပွဲအလှူရှင် ဒေါ်နုအေး (မြသီတာမိသားစု)၏ စီစဉ်မှုဖြင့် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မဟာဗောဓိပရိယတ္တိစာသင်တိုက် ဓမ္မသဘင်၌ စက်တင်ဘာ ၂၅နှင့် ၂၆ရက် ည ၇နာရီမှစ၍ သာသနဓဇ သဒ္ဓမ္မနေပုည သာသနဇောတိပါလ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရဓမ္မဒူတအရှင်ဆေကိန္ဒဆရာတော်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

# ဆီဆိုင်မြို့နယ်၌မူးယစ်ဆေးဝါးများဖမ်းဆီးရမိ တရားခံများအား ဥပဒေအရအရေးယူဆောင်ရွက်လျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂၃**

နယ်မြေခံ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များနှင့် မူးယစ်(အထူး) အဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၅ရက်က ဆီဆိုင်မြို့နယ် ဘန်းယဉ်ကျေးရွာ ဈေးပိုင်းရပ်ကွက်နေ ဦးလှအောင်၏သား ဝမ်ချင်းဝေ၏ နေအိမ်သို့ သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ အိမ်ရှင် ဝမ်ချင်းဝေ၊ ၎င်း၏ ညီများဖြစ်သော ဝမ်ချင်းဝု၊ ကျော်ရွှေ(ခ) ချင်းစမ်းနှင့် ၎င်းတို့၏ နေအိမ်သို့ ရောက်ရှိနေသူ ဘန်းယဉ်ကျေးရွာ ဥယျာဉ်အနောက် ကုန်းရပ်နေ ဦးထိစမ်း၏သားကျားမော်တို့ လေးဦးအား စိတ်ကြွ ရူးသွပ်ဆေးပြား ၂၂၁၀၊ ဘိန်းစိမ်း ၆၅ဂရမ်၊ အက်ဖီဒရင်း ၃ဒသမ ၇၂ကီလို၊ ကဖင်း ဝဒသမ ၇၉ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြားပြုလုပ်ရန် အသင့်ပြုလုပ်ထားသော ဒြပ်ပေါင်း ဝဒသမ ၈၅ ကီလို၊ စိတ်ကြွ ရူးသွပ်ဆေးပြား ပြုလုပ်ရာတွင် အသုံးပြုသောအရောင်တင်မှုန့် ၂ဒသမ ၆၃၁ ကီလို၊ ဘိန်းရည် ၁၀၀ ဂရမ်၊ ဟိုက်ဒရိုကလိုရစ်အက်ဆစ် ၁၀လီတာ၊ ဆာလ်ဖြူရစ် အက်ဆစ် တစ်လီတာ၊ WY,OK နှင့် R စာတန်းပါ တံဆိပ်ရိုက် သံမှိုမျိုးစုံ လေးချောင်းတို့နှင့်အတူဖမ်းဆီးရမိသည်။

## အမှုဖွင့်အရေးယူ

အဆိုပါ ဖမ်းဆီးရမိ တရားခံများနှင့် မူးယစ်ဆေးဝါးများအား သက်ဆိုင်ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ စခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


# စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။

* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။

* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။

* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။

* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။


## နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့်နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက်မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်မှ အပမော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၄ခုနှစ်၊ စက်တင်ဘာလအတွက်**

**နောက်ဆုံးပတ်(တနင်္ဂနွေနေ့)**

**(၂၆-၉-၂၀၀၄)ရက်နေ့**

**၂၀၀၄ ခုနှစ်၊ အောက်တိုဘာလအတွက်**

**(၁၀-၁၀-၂၀၀၄)ရက်နေ့နှင့်**

**(၃၁-၁၀-၂၀၀၄)ရက်နေ့**

*** ရှေ့ဖုံးမှ**

အဆိုပါတွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ၏ ဇုန်တာဝန်ခံများဖြစ်ကြသော အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များနှင့်တာဝန်ရှိသူများတက်ရောက်ကြသည်။

**စက်မှုလက်မှုကဏ္ဍအရေးပါ**

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဆည်းပေးရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းကိုယ်တိုင် စက်မှုဇုန်တာဝန်ခံများနှင့်အတူ ဤတွေ့ဆုံပွဲသို့တက်ရောက်လာချိန်၌ စက်မှုဇုန်များကလိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြစေလိုကြောင်း။

ယခုတွေ့ဆုံပွဲသို့ မအားလပ်သည့်ကြားမှအချိန်လု၍ တက်ရောက်ပေးကြသည့်အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များကို ရန်ကုန်တိုင်းကိုယ်စား၊ စက်မှုဇုန်များကိုယ်စား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပဏာမ ရှင်းလင်းပြောကြားသည်။

**တင်ပြဆွေးနွေး**

ထို့နောက် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက သံတိုသံစများ၊ဘက်ထရီအိုးအဟောင်းများ ပြည်တွင်း၌ ဈေးကြီးနေသဖြင့်



**ရန်ကုန်တိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ တာဝန်ရှိသူများအား စက်မှု လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ မှာကြားပွဲတွင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)**

ရန်ကုန်တိုင်းအတွင်း၌ စက်မှုဇုန် အစုအဖွဲ့ပေါင်း ၁၈ ခုရှိပါကြောင်း၊ နောက်ထပ်တိုးချဲ့ ဖွဲ့စည်းဖြစ်ပေါ်မည့် စက်မှုဇုန်များလည်းရှိနေကြောင်း၊ ရန်ကုန်တိုင်းသည် နိုင်ငံတော်၏ စီးပွားရေးတန်ဖိုးပမာဏ (ဂျီဒီပီ)ကိုရှေ့ဆုံးမှ ပါဝင် အထောက်အကူပြုလျက်ရှိကြောင်း၊ ထို့ပြင် ရန်ကုန်တိုင်း၏ စီးပွားရေး၌စက်မှု လက်မှုကဏ္ဍသည် လယ်ယာကဏ္ဍထက် ကျော်လွန်ပြီး ပမာဏ အများဆုံး နေရာ၌ ပြောင်းလဲနေရာယူထားပြီးဖြစ်၍ ရန်ကုန်တိုင်းအတွင်းစက်မှု လက်မှုကဏ္ဍ၏ အရေးပါမှုကို အကဲဖြတ်၍ရကြောင်း။

**ပွင့်ပွင့်လင်းလင်းတင်ပြ**

ထို့ကြောင့် စက်မှုလက်မှု ကဏ္ဍတိုးတက်ရေး စက်မှုဇုန်များ၏ လိုအပ်ချက်များကို ညှိနှိုင်းဆက်စပ် ဖြည့်

ပြည်ပသို့ မထွက်ရအောင် တားဆီးရေးကိစ္စ၊ စက်မှုဇုန်များ၌ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးကိစ္စ၊ တယ်လီဖုန်းများ တိုးချဲ့တပ်ဆင်ရေးကိစ္စ၊ သောက်သုံးရေရရှိရေးနှင့် လမ်းများ တိုးတက်ကောင်းမွန်ရေး ကိစ္စ၊ အခွန်အခ ကိစ္စများနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးကြသည်။

ထို့နောက် ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်တိုင်းအတွင်းရှိစက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန အလိုက်၊ အဖွဲ့အစည်းအလိုက် ဆက်စပ်ပံ့ပိုးကူညီဆောင်ရွက်ပေးနေမှု



**စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ တာဝန်ရှိသူများအားတွေ့ဆုံ၍ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများမှာကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

တို့နှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

**ဖြစ်သင့်သည်များတင်ပြ**

ယင်းနောက် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ပုဂ္ဂလိကစက်မှုလုပ်ငန်းများကြီးပွားတိုးတက်အောင် အားပေးကူညီလျက်ရှိရာ၌ နိုင်ငံတော်အပိုင်းက မည်သည့်ကိစ္စများတွင် မည်ကဲ့သို့ ကူညီရမည်ကို ပြည့်ပြည့်စုံစုံ နားလည်သိရှိမှလည်း ညှိနှိုင်းချင့်ချိန်၍ မှန်မှန်ကန်ကန်ကူညီပံ့ပိုးမှု ပြုလုပ်ပေးနိုင်မှာ ဖြစ်ကြောင်း၊ ပုဂ္ဂလိက အပိုင်းကလည်း မိမိ၏ လုပ်ကွက်ရှုထောင့်တစ်ခုတည်းမှသာ ကြည့်ရှု တင်ပြနေခြင်းမျိုးမဖြစ်စေဘဲ ဖြစ်သင့်ဖြစ်ထိုက်သည်များကို တင်ပြရန်လိုကြောင်း။

**ရှင်းလင်းဖြည့်ဆည်းပေး**

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်းနှင့်ပုဂ္ဂလိကအပိုင်းတို့သည် ဟန်ချက်ညီညီ၊ နားလည်မှုရှိရှိ ပူးပေါင်းလုပ်ကိုင်သွားကြရန် အရေးကြီးကြောင်း၊ ပူးပေါင်းလုပ်ကိုင်မှုဟန်ချက်ညီပြီး အားကောင်းသည်နှင့်အမျှ ပုဂ္ဂလိက စက်မှုလုပ်ငန်းများအရှိန်အဟုန်ဖြင့် တိုးတက်မှာဖြစ်သကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးသည်လည်း တိုးတက်အောင်မြင်မှုများ ပိုမိုရရှိလာမှာဖြစ်ကြောင်းဖြင့် မှာကြားကာ တင်ပြသည့်ကိစ္စရပ်များအလိုက် ပြန်လည် ရှင်းလင်းဖြည့်ဆည်းပေးပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



**ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ တာဝန်ရှိသူများအား စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများမှာကြားပွဲတွင် ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)



**ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ တာဝန်ရှိသူများအား စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ မှာကြားပွဲတွင် ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

## တပ်မတော်ဘော်လီဘောကော်မတီညှိနှိုင်းစည်းဝေး

**ရန်ကုန် စက်တင်ဘာ ၂၃**

တပ်မတော်ဘော်လီဘော ကော်မတီ၏ ၂၀၀၄-၂၀၀၅ခုနှစ် ပထမအကြိမ်အစည်းအဝေးကို ယနေ့ နံနက် ၁၁နာရီခွဲက တပ်မတော် မှတ်တမ်းရုံး၌ ကျင်းပရာ သဘာပတိ ဗိုလ်မှူးချုပ်မျိုးမြင့်က အမှာစကား ပြောကြား၍ တက်ရောက်လာကြသူများက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ရေ၊လေ) အမျိုးသားအမျိုးသမီးဘော်လီဘောပြိုင်ပွဲ ကျင်းပရေးနှင့် တပ်မတော် ဘော်လီဘောအသင်းများအောင်မြင်မှုရရှိရေး ညှိနှိုင်းဆွေးနွေးကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

၂၀၀၄-၂၀၀၅ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ရေ၊လေ) အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


# လျှပ်စစ်ဓာတ်အား ချွေတာရေး

* သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။

* သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။

* ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။

* ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

**ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။**


**■ ကျောဖုံးမှ**

ကန်တော်ကြီးသဘာဝဥယျာဉ်နှင့် ဆက်စပ်လျက်ရှိသည့် ရန်ကုန်တိရစ္ဆာန်သဘာဝဥယျာဉ်တွင်လည်း လေ့လာကြည့်ရှုအပန်းဖြေသည့် ပြည်သူများ တစ်နေ့ထက်တစ်နေ့ များပြားလာလျက်ရှိသည်ကို တွေ့ရသည်။

ကန်တော်ကြီးဥယျာဉ်နှင့် ရန်ကုန် တိရစ္ဆာန်သဘာဝဥယျာဉ်ကို တစ်ဆက်တည်းလာရောက်အပန်းဖြေသူများ ယာဉ်အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးနှင့် သွားလာမှုလွယ်ကူချောမွေ့စေရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်း/ တံတား)ကတာဝန်ယူ၍ ကန်တော်ကြီးနှင့် တိရစ္ဆာန်ဥယျာဉ်ဆက်သွယ်သည့် လူကူးတံတားကို ယခုနှစ် မေ၂၀ရက်မှ စတင်၍တည်ဆောက်ခဲ့သည်။ အဆိုပါလူကူးတံတား အမျိုးအစားမှာ သံပေါင်တံတား အမျိုးအစားဖြစ်ပြီး လက်ရန်းမှာစတီးလက်ရန်းဖြစ်သည်။ တံတားအကျယ်မှာ ကိုးပေကျယ်ဝန်းပြီး တံတားအရှည်မှာ ၉၁ပေ ရှည်သည်။ တံတားကင်းလွတ် အမြင့်မှာ ၁၇ပေ ဖြစ်သည်။

ယင်းလူကူးတံတားကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ (လမ်း/တံတား)ဌာနက ကြီးမှူး၍ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော် (လက်ထောက်ဌာနမှူး၊လမ်း/တံတား)၊ ဌာနခွဲမှူး အင်ဂျင်နီယာ ဦးမြင့်အောင် (လမ်း/တံတား)၊ ဌာနစုမှူး အင်ဂျင်နီယာ ဦးကြည်လွင်နှင့် ဝန်ထမ်းအင်အားစုစုပေါင်း ၄၅ဦးဖြင့် နေ့ရောညပါ ဆောင်ရွက်လျက်ရှိသည်။ ကန်တော်ကြီးဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်တွင် အပန်းဖြေမည့် ပြည်သူများ စိတ်နှလုံးချမ်းမြေ့စွာဖြင့်အပန်းဖြေနိုင်ရန်နှင့် ကားအန္တရာယ်မှ ကင်းလွတ်ရန်အတွက် နေ့ရောညပါ လူကူးတံတားကို တည်ဆောက်လျက်ရှိရာ ယခုအခါ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး မကြာမီခံ့ညားလှပသည့် တံတားအဖြစ် မြင်တွေ့ကြရတော့မည်ဖြစ်သည်။ ॥ **(မြန်မာ့အလင်း)**

## အာစရိယပူဇော်ပွဲ

**ရန်ကုန် စက်တင်ဘာ ၂၃**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ္မတီး အခြေခံပညာ အထက်တန်းကျောင်းတွင် ၁၉၇၆ - ၇၇ မှ ၁၉၈၃-၈၄ ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၃၁ ရက် (တနင်္ဂနွေနေ့) ၌ နမ္မတီးအထကတွင်ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူဟောင်းများ ဆက်သွယ်ကြရန်နှင့်အလှူငွေများကို ဦးတင်စိုး (ဆသရ) နမ္မတီး ဖုန်း-၀၇၄-၄၀၃၆၆၊ ၄၀၃၇၀၊ ဦးသက်ထွန်းဦး (MSEC) ဖုန်း-၀၁-၃၇၄၈၉၄၊ ဖုန်း-၃၇၈၆၄၇၊ ၅၆၀၇၃၆နှင့် ဒေါ်နုနု စိန်(သျှင်ပါကူ) ဖုန်း-၀၁-၇၂၂၉၁၁၊ ၀၉-၅၀-၁၂၅၄၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# ပြည်မြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၃**

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ တန်ဆောင်တိုင် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက် (နိုဝင်ဘာ ၁၉ရက်)မှ တန်ဆောင်မုန်းလပြည့်ကျော် ၂ရက် (နိုဝင်ဘာ ၂၈ ရက်)အထိ (၁၀)နှစ်ပြည့် ခေတ္တရာ မြတ်စွယ်တော် အပူဇော်ခံပွဲနှင့်ပူးတွဲကျင်းပသွားမည်ဖြစ်သည်။ ပွဲတော်ဆိုင်ထွက်လိုသူမိတ်ဟောင်းများသည် ယမန်နှစ်ဖြတ်ပိုင်းနှင့် သတ်မှတ်သည့် ဆိုင်ခန်းခငွေများကို သီတင်းကျွတ် လကွယ်နေ့နောက်ဆုံးထား၍ပေးသွင်းရန်နှင့် မိတ်သစ်များအား တန်ဆောင်မုန်းလဆန်း ၁ ရက်မှစ၍ နေရာချထားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေအား ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၂)တိုင်းရင်းသားခေါင်းဆောင် ဦးပေါက်ယူချန်း၏ဇနီးတွေ့ဆုံ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း လုပ်ငန်းဆောင်ရွက်ချက်များလေ့လာ



ရန်ကုန် စက်တင်ဘာ ၂၃

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအား မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို လေ့လာရန် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၂)မှ တိုင်းရင်းသားခေါင်းဆောင် ဦးပေါက်ယူချန်း၏ဇနီး ခေါင်းဆောင်သည့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ ပါဝင်သော လေ့လာရေးအဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ အဆိုပါအသင်းဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံကြသည်။**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ(၂)မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း လေ့လာရေးအဖွဲ့ခေါင်းဆောင်နှင့် အသင်းဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ရှင်းလင်းပြောကြား

အဆိုပါ လေ့လာရေးအဖွဲ့ဝင်များအား မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက နှုတ်ခွန်းဆက် စကားပြောကြားပြီး အသင်းက ဆောင်ရွက်နေသော လုပ်ငန်းများနှင့် အသင်းအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

## ဆွေးနွေးမှာကြား

ဆက်လက်၍ ရှမ်းပြည်နယ်မြောက်ပိုင်းအထူးဒေသ(၂) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း လေ့လာရေးအဖွဲ့ခေါင်းဆောင် ဒေါ်အမ်းဖုန်းက ဒေသအတွင်းဆောင်ရွက်လျက်ရှိသော မိခင်နှင့်ကလေး စောင့်ရှောက်ရေးလှုပ်ရှားမှုများအကြောင်း ရှင်းလင်းတင်ပြရာ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လိုအပ်သည်များကို ပြန်လည် ဆွေးနွေးမှာကြားသည်။

## မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌထံ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း လေ့လာရေးအဖွဲ့ခေါင်းဆောင်ဒေါ်အမ်းဖုန်းက ရာသက်ပန်အသင်းဝင်အဆိုပြုလွှာများ ပေးအပ်ပြီး အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် လေ့လာရေး အဖွဲ့ဝင်များသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

## ရှင်းလင်းပြသ

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် ခန်းမအတွင်းရှိ အသင်း၏ဆောင်ရွက်ချက်လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း၊ အသင်းက ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် အမျိုးသမီးများ အိမ်တွင်းသက်မွေးသင်တန်းကျောင်း၊ ကလေးသူငယ်ဘက်စုံ ဖွံ့ဖြိုးရေးဌာနနှင့် အမျိုးသမီးများတွင် ဖြစ်ပွားတတ်သော ရောဂါရှာဖွေရေးဆေးခန်းတို့ကိုလည်းကောင်း ကြည့်ရှုလေ့လာကြရာ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များက ရှင်းလင်းပြသကြသည်။

**(သတင်းစဉ်)**

# ထစ်ချုန်းမိုး

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။**

# အလိုတော်ပြည့် ၁၀ ရက် ဝိပဿနာတရားစခန်းပွဲ

**ရန်ကုန် စက်တင်ဘာ ၂၃**

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိမဏ္ဍိုင်ရှိသာ အလိုတော်ပြည့်ကျောင်းတိုက်တွင် ၁၃၆၆ ခုနှစ် တော်သလင်းလပြည့်နေ့မှ လပြည့်ကျော် ၁၀ရက်(စက်တင်ဘာ ၂၈ရက်မှ အောက်တိုဘာ ၈ ရက်)အထိ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ပုဂံ-ညောင်ဦး နယ်စပ်ဒေသ ပြည်တွင်းပြည်ပသာသနာပြု ဘဒ္ဒန္တအရိယဝံသ အလိုတော်ပြည့်ဆရာတော်ကြီး ကိုယ်တိုင် သတိပဋ္ဌာန်အလုပ်ပေးတရားတော်တို့ကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်ရောက်လိုကြသော ယောဂီများအနေဖြင့် စက်တင်ဘာ ၂၈ ရက်ညနေ ၅နာရီတွင် အလိုတော်ပြည့်ကျောင်းတိုက်သို့ လာရောက်ကြရန်နှင့်ကြိုတင်စာရင်းပေးသွင်းနိုင်ရန် လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း ၀၁-၅၄၅၃၃၇၊ ၀၉-၈၀-၁၀၆၆၆ နှင့် ၀၉-၅၀-၁၄၅၀၀ တို့သို့လည်းကောင်း ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**




# မြဝတီရုပ်မြင်သံကြား

**၂၄-၉-၂၀၀၄**
**(သောကြာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၀ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၅ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၉။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၁၅ | ၁၀။ | အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၁။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | လက်စွမ်းပြဟန်ဂီတသံ |
| ၄း၂၀ | ၄။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄း၃၀ | ၅။ | နားဝင်ငြိမ့်စီးသီချင်းကြီး |
| ၄း၃၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၄း၄၅ | ၇။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၅း၀၀ | ၈။ | အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Study of Proposition I (ဒဿနိက၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ပထဝီ၊ စိတ်ပညာ၊ အရှေ့တိုင်း) |
| ၅း၃၀ | ၉။ | ပညာခေတ် |
| ၅း၄၅ | ၁၀။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၂။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၃။ | မိုးလေဝသသတင်း |
| ၆း၂၅ | ၁၄။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆း၃၀ | ၁၅။ | မြန်မာ့ရှုခင်း |
| ၆း၄၀ | ၁၆။ | လျှပ်တစ်ပြက် |
| ၇း၀၀ | ၁၇။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်ရည်မိုး"**(အပိုင်း-၂၉) |
| ၈း၀၀ | ၁၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၉။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၂၀။ | လျှပ်တစ်ပြက် |
| | ၂၁။ | တိုင်းကျိုးပြည်ပြုတည်ထောင်မှု |
| | ၂၂။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၃။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာသိုက်နှင့် ရန်နိုင်ဓား"** (အပိုင်း-၁၀) |
| | ၂၄။ | သင့်အတွက်မနက်ဖြန် |
| | ၂၅။ | အပိတ်နှုတ်ဆက်စကား |
| | ၂၆။ | ပြီးပါပြီ။ |

# ကြည့်ရှုလေ့လာ

**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေထံ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၂) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း လေ့လာရေးအဖွဲ့ခေါင်းဆောင် ဒေါ်အမ်းဖုန်းက ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများ ပေးအပ်ပြီးနောက် လေ့လာရေးအဖွဲ့ဝင်များ ခန်းမအတွင်းရှိ အသင်း၏ဆောင်ရွက်ချက်လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြစဉ်။**
**(သတင်းစဉ်)**

**ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း လေ့လာရေးအဖွဲ့ ခေါင်းဆောင် ဒေါ်အမ်းဖုန်းနှင့်အဖွဲ့ဝင်များ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာနတွင်ကြည့်ရှုလေ့လာကြစဉ်။**
**(သတင်းစဉ်)**



# အဆိုပြုလွှာ ပေးအပ်



**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေထံ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂) မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းလေ့လာရေးအဖွဲ့ ခေါင်းဆောင်ဒေါ်အမ်း ဖုန်းက ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများ ပေးအပ်စဉ်။** (သတင်းစဉ်)

# တာမွေမဂ္ဂဇင်းထုတ်ဝေရေး ညှိနှိုင်းစည်းဝေး

**ရန်ကုန် စက်တင်ဘာ ၂၃**

တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့စည်းရုံးရေး ကော်မတီမှ စီစဉ်ထုတ်ဝေမည့် တာမွေမဂ္ဂဇင်း ထုတ်ဝေနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၇ ရက် နံနက် ၁၀နာရီက မြို့နယ်ခန်းမ၌ကျင်းပရာ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ကွက် ၂၀ မှ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အမှာစကားပြောကြားပြီး မြို့နယ်စာပေနှင့်စာနယ်ဇင်းဥက္ကဋ္ဌဦးစိုးအောင်(စိုးအောင်/တိုင်းရင်းဆေးသိပ္ပံ)က မဂ္ဂဇင်းစီမံချက်ကို ရှင်းလင်းတင်ပြရာ တက်ရောက်သူများက ညှိနှိုင်းဆွေးနွေးကြသည်။

တာမွေမဂ္ဂဇင်းကို ၁၃၆၆ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အမီ ကြိုဆိုဂုဏ်ပြု၍ ထုတ်ဝေသွားမည်ဖြစ်ရာ စာမူပေးပို့လိုပါက မဂ္ဂဇင်းကော်မတီ အမှတ်(၂၂) ၁၄၈လမ်း တာမွေ ဖုန်း-၂၀၁၀၁၇ သို့ စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ကြောင်း သိရသည်။ **(က-ပ)**

# ဧရာဝတီမြစ်ရေစိုးရိမ်ရေမှတ်ကျဆင်း

**ရန်ကုန် စက်တင်ဘာ ၂၃**

ဧရာဝတီမြစ်ရေသည်ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ မင်းဘူးမြို့တွင် ၈၅ စင်တီမီတာ (သုံးပေခန့်) နှင့်မကွေးမြို့၌ ၄၂စင်တီမီတာ (တစ်ပေခွဲခန့်) စိုးရိမ်ရေမှတ်များအထက်တွင် ရှိနေပြီး နောက်သုံးရက်အတွင်းစိုးရိမ်ရေမှတ်များအောက်သို့ ကျဆင်းနိုင်သည်။

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲတိုင်းထွာချက်အရ ဟင်္သာတမြို့တွင် ၇၂ စင်တီမီတာ (နှစ်ပေခွဲခန့်) စိုးရိမ်ရေမှတ်အထက်တွင် ရှိနေပြီး နောက်ငါးရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **(မြန်မာ့အလင်း)**

# ကွန်ဖက်ဒရေးရှင်း လျော့ရိလျော့ရဲ ပြည်ထောင်စုအလိုမရှိ

# စုစည်းကျစ်လျစ်ခိုင်မာသော ယူနီယံအလိုရှိ

ဦးဖြိုး

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်သည့်အခါ စည်းလုံးညီညွတ်သော၊ ဒီမိုကရေစီထွန်းကားသော ပြည်ထောင်စုနိုင်ငံအဖြစ်သို့ အရည်အချင်းသဘောအရ မုချဆိုက်ရောက်သွားမည်။ ထိုအခါတွင် တိုင်းရင်းသား လူမျိုးအသီးသီးသည် တန်းတူရည်တူ ချစ်ခင်ရင်းနှီးမှုဖြင့် မိမိတို့ချစ်မြတ်နိုးသော ပြည်ထောင်စုနိုင်ငံကို နိုင်ငံရေးအရ ပါတီစုံဒီမိုကရေစီစနစ်ကို ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ သိက္ခာရှိစွာ၊ ငြိမ်းချမ်းစွာ တည်ဆောက်သွားကြမည်။ ပြည်နယ်ခုနစ်နယ်၌ အစိုးရအဖွဲ့ ခုနစ်ဖွဲ့၊ ဥပဒေပြုလွှတ်တော်ခုနစ်ခု ကိုယ်စီ ရှိသလို၊ တိုင်းဒေသကြီး ခုနစ်ခု၌လည်း အစိုးရအဖွဲ့ ခုနစ်ဖွဲ့၊ ဥပဒေပြု လွှတ်တော်ခုနစ်ခု ကိုယ်စီရှိမည်။ ဗဟို၌ ပြည်ထောင်စုလွှတ်တော်ရှိသကဲ့သို့ ပြည်ထောင်စုအစိုးရ ရှိမည်။

စည်းလုံးညီညွတ်မှု၏ ဗဟိုချက်မ၊ နိုင်ငံတကာရေးရာ၌ ခေါင်းဆောင်မှု၏ ဗဟိုချက်မ (Centre of Unity, Centre of Leadership) သည် လူမျိုး အသီးသီး၏ ကိုယ်စားလှယ်အားလုံး ပါဝင်ဖွဲ့စည်းအပ်သော ပြည်ထောင်စု လွှတ်တော်ကြီးပင် ဖြစ်မည်။ နိုင်ငံတော်၏ ခေါင်းဆောင် Head of the State သည် နိုင်ငံတော်သမ္မတ ဖြစ်မည်။

**နိုင်ငံတော်၏ အဓိကကျသော ရည်မှန်းချက်မှာ(၂)ရပ်ဖြစ်မည်။ အမှတ် တစ်–အေးချမ်းသာယာရေး(ဝါ)ငြိမ်းချမ်းရေးဖြစ်မည်။ အမှတ်နှစ်–ပြည်သူများ ဘဝ(လူမှုစီးပွားရေးဘဝ Socio Economy) ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးလာမည်။ ဆင်းရဲမှုလျော့ပါးသွားမည်။ ပြည်သူများဘဝ အဓိက လိုအပ်ချက်ဖြစ်သော စားရေး၊ ဝတ်ရေး၊ နေရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်တစ်ဦးချင်းအပါအဝင် နိုင်ငံတော်လုံခြုံရေး(အမျိုးသားလုံခြုံရေး) အာမခံချက်ရှိရန် အရှိန်အဟုန်ဖြင့် မြှင့်တင်ကြိုးပမ်းဆောင်ရွက်သွားမည်။**

ထိုသို့ ကြိုးပမ်းတည်ဆောက်ရာတွင် အနီးကပ် ရေပူရေချမ်း ကမ်းလှမ်းရင်း အသက်ပေးကာကွယ်စောင့်ရှောက်မည့် အင်အားစုကြီးရှိမည်။ အခြားမဟုတ် တပ်မတော်ပင် ဖြစ်သည်။ အနာဂတ် အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ တွင် ပြည်သူများက အားပေးထောက်ခံ ရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ တပ်မတော်ကိုယ်စားလှယ် များလည်း လက်ရည်တစ်ပြင်တည်း ရှိမည်။ ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင်ရှိမည်။ သို့ရာတွင် နိုင်ငံရေးပါတီများမှ ရွေးချယ်ခံကိုယ်စားလှယ်များသည် ပြည်ထောင်စု လွှတ်တော်၌ ၇၅ရာခိုင်နှုန်း( ၄၉၈ဦး ) ရှိမည်။ တပ်မတော်ကို ကိုယ်စား ပြုထားသော ကိုယ်စားလှယ်မှာ ၂၅ရာခိုင်နှုန်း (၁၆၆ ဦး )ရှိမည်။

**၁၉၄၈ခုနှစ်မှစ၍ ယနေ့အထိ မဖြစ်ပေါ်ဖူးသေးသော၊ မရဖူးသေးသော တိုင်းရင်းသားလူမျိုးများအတွင်း စည်းလုံးညီညွတ်မှု၊ ယုံကြည်မှု၊ နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှုသည် ယခု ၂၀၀၄ခုနှစ်၌ ကြီးမားနက်ရှိုင်းစွာ ရရှိထားပြီးဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် ဆန့်ကျင်ဘက်ဖြစ်သွားခဲ့ရသော တိုင်းရင်းသားအဖွဲ့အစည်း ၁၇ ဖွဲ့သည် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ပြီး တပ်မတော်နှင့်လက်တွဲ၍ ဒေသဖွံ့ဖြိုးရေး၊ အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်သစ် ထူထောင်ရေး ကနဦးလုပ်ငန်းစဉ်ဖြစ်သော ကျင်းပဆဲ အမျိုးသား ညီလာခံသို့ ကိုယ်စားလှယ်များ စေလွှတ်ကာ တိုင်ပင်ညှိနှိုင်းမှုများပြုလျက် ရှိသည်မှာ ကျက်သရေမင်္ဂလာ ရှိနေပေသည်။**

ထိုသို့ တိုင်းရင်းသား လူမျိုးအသီးသီး၌ ပူးပေါင်း နေထိုင်လိုသော ဆန္ဒပြင်းပြစွာ ရှိနေခြင်းမှာ လည်း အဆန်းမဟုတ်ပေ။ တိုင်းရင်းသား ပြည်သူ တို့သည် ရှေးပဝေသဏီကပင် အတူတကွ ပူးပေါင်း နေထိုင်ခဲ့သူများဖြစ်၍ တိုင်းရင်းသား အချင်းချင်း မေတ္တာထားနိုင်ခြင်း၊ နားလည်နိုင် ခြင်း၊ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းပင် ဖြစ်သည်။

မြန်မာနိုင်ငံ အမှီအခိုကင်းစွာ ကြီးပွားချမ်းသာလာမည်၊ တောင့်တင်း ခိုင်မာလာမည်ကို မလိုလား၊ မရှုဆိတ်သော ပြည်တွင်းပြည်ပရှိ အမျိုးသားသစ္စာ ဖောက်များနှင့် ယင်းတို့အား လက်သပ်မွေးနေသော နိုင်ငံခြားသားများသည် မြန်မာနိုင်ငံ၏ အောင်မြင်မှုများ ရပ်တန့်ဆုတ်ယုတ် ပျက်ပြားသွားစေရန် သွေးရူးသွေးတန်း ကြိုးစားနေကြသည်။ သူခိုးဓားရိုးကမ်းသူများကလည်း ဆင်ခြင်တုံတရား ချွတ်ခြုံကျလျက် အမျိုးမျိုးသော အနှောင့်အယှက်၊ အဖျက် အမှောင့်များကို အောက်တန်းကျစွာ လုပ်ကြံဖန်တီးနေကြဆဲ ဖြစ်သည်။

ယင်းအဆိုးမြင်ဝါဒီများ၏ ရူးရူးမိုက်မိုက် တမ်းတမ်းစွဲဖြစ်နေသောကိစ္စမှာ ဖက်ဒရယ်မှု၊ ဖက်ဒရယ်ပြည်ထောင်စုစစ်စစ် တည်ဆောက်ရေးပင် ဖြစ်သည်။ ၁၉၆၂ခုနှစ်၌ ယင်းကဲ့သို့ ဖက်ဒရယ်စစ်စစ်မှု အမည်ခံထားသော "ရှမ်းမူ"ကို တင်သွင်းပြီး ပြည်ထောင်စုကြီး အင်အားချည့်နဲ့ကာ လျော့ရိလျော့ရဲ တစ်တော တစ်ကြက်ဖ ထီးပြိုင်နန်းပြိုင်လုပ်ရန် ကြံစည်ခြင်းကြောင့် ပြည်ထောင်စုပဲ့ထွက် မည့်အရေးကို လက်ပူးလက်ကြပ်မိသွားသဖြင့် တပ်မတော်က အချိန်မီကာကွယ် စောင့်ရှောက်ခဲ့ရဖူးပြီ။ ၁၉၆၂ခုနှစ်က တပ်မတော်ကသာ လက်မဦးလျှင် ကမ္ဘာ ပေါ်တွင် မြန်မာနိုင်ငံသည် ဘော့စနီးယား ဟာဇီဂိုးဗီးနား သွေးချောင်းစီးမှု ဖြစ်ရပ်မျိုးနှင့် အနှစ် ၃၀စော၍ ကြုံခဲ့ရပြီးဖြစ်ပေမည်။

အမေရိကန်ပြည်ထောင်စုသည် ၁၃ ပြည်နယ်နှင့် ၁၇၇၆ ခုနှစ်မှစခဲ့သည်။ လျော့ရိလျော့ရဲပုံစံ(ဖွဲ့စည်းမှု)Confederation ဖြင့် ၁၀နှစ် စခန်းသွားခဲ့ပြီး နောက် ဗဟိုအစိုးရသမ္မတကြီးအား လုပ်ပိုင်ခွင့်အာဏာ အပြည့်အဝပေးသော ပုံစံ ၁၇၈၉ခုနှစ်၌ ပြောင်းလဲကျင့်သုံးလာနိုင်ခဲ့သည်။ ထို ၁၇၈၉ခုနှစ်မှအစပြု၍ ဗဟိုအစိုးရအား မဏ္ဍိုင်ထားကာ ပြည်နယ်အစိုးရများက သင့်တင့်လုံလောက်သော အာဏာများကိုသာ လက်ခံရယူပြီး ပြည်ထောင်စုကို ချမ်းသာကြွယ်ဝစေရန်၊ အင်အားတောင့်တင်းစေရန် ရှေးရှုပြီး ဆောင်ရွက်နိုင်ခဲ့၍ ယနေ့ အမေရိကန် ပြည်ထောင်စုကြီး ခိုင်ခိုင်မာမာဖြင့် ကမ္ဘာ့အင်အားကြီးနိုင်ငံ ဖြစ်နေခြင်းပင်ဖြစ် တော့သည်။

မြန်မာနိုင်ငံ၌ ပြည်ထောင်စုပြိုကွဲရေး လုပ်ကြံချိန် ၁၉၆၂ခုနှစ်မတိုင်မီ အနှစ် တစ်ရာဖြစ်သော ၁၈၆၂ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၌ ဘာတွေ ဖြစ်ခဲ့သနည်း။ တောင်ပိုင်းပြည်နယ်များက ပြည်ထောင်စုမှခွဲထွက်ရန် ပုန်ကန် ခြားနား၍ သမ္မတကြီး အီဗရာဟင်လင်ကွန်း၏ ခေါင်းဆောင်မှုဖြင့် ပြည်ထောင်စု တပ်မတော်က ထိုခွဲထွက်ရေး သစ္စာဖောက်များကို နှိမ်နင်းခဲ့ရသည်။ ထိုစစ်ပွဲ၌ နှစ်ဖက် ၆ သိန်းကျော် ကျဆုံးခဲ့ရသည်မှာ ကြေကွဲဝမ်းနည်းဖွယ်၊ သင်ခန်းစာ ယူဖွယ်ပင်ဖြစ်သည်။

လူမျိုးရှိလျှင် နိုင်ငံရှိရမည်ဆိုလျှင် မြန်မာနိုင်ငံကို နိုင်ငံငယ်ပေါင်း၁၀၀ အကွဲကွဲအပြားပြား တည်ဆောက်ရမလို ဖြစ်သည်။ မြန်မာနိုင်ငံ၌ တိုင်းရင်းသား လူမျိုးပေါင်း ၁၀၀ ကျော်ရှိသည်။ ဤဖောက်ပြန်သော အယူအဆ၊ အစွဲအလမ်းဖြင့် သီးခြားနိုင်ငံ ထူထောင်ရန် ကြံစည်ကြိုးပမ်းမှု(ဝါ)ပြည်ထောင်စုဖြိုခွဲမှုများသည် မအောင်မြင်ခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် တိုင်းရင်းသားပြည်သူလူထုကြီးက ပြည်ထောင်စုကြီး၌ ဥမကွဲသိုက်မပျက် အတူနေလိုကြပြီး အာဏာရူး ပြည်ပ အားကိုး လက်တစ်ဆုပ်စာကသာ ခွဲထွက်ရေးကို လုပ်ဆောင်ခဲ့သောကြောင့် ဖြစ်သည်။

ပြည်သူတို့က အဘယ်ကြောင့် ပြည်ထောင်စုပြိုကွဲပြီး သီးခြား လူမျိုးစု နိုင်ငံငယ်များအဖြစ်ကို မလိုလားကြသနည်း။ အဖြေမှာ ပြည်သူတို့သည် လူမျိုးရေး အမြင်ကျဉ်းသူ (Racist)များမဟုတ်ကြဘဲ အရင်းစစ်လျှင် တစ်မျိုးသား တည်း၊ မြန်မာနိုင်ငံသား Myanmar Nation အဖြစ် နေလိုကြ၍ဖြစ်သည်။

**ထိုသို့ တိုင်းရင်းသား လူမျိုးအသီးသီး၌ ပူးပေါင်းနေထိုင်လိုသော ဆန္ဒ ပြင်းပြစွာ ရှိနေခြင်းမှာလည်း အဆန်းမဟုတ်ပေ။ တိုင်းရင်းသားပြည်သူတို့သည် ရှေးပဝေသဏီကပင် အတူတကွ ပူးပေါင်းနေထိုင်ခဲ့သူများဖြစ်၍ တိုင်းရင်းသား အချင်းချင်း မေတ္တာထားနိုင်ခြင်း၊ နားလည်နိုင်ခြင်း၊ ပူးပေါင်းဆောင်ရွက်နိုင် ခြင်းပင် ဖြစ်သည်။**

ဤအရေးနှင့် စပ်လျဉ်း၍ ကျွန်ုပ်သည် အနှစ် ၃၀ မျှ စိတ်ဝင်တစားလေ့လာ မှတ်သားလာခဲ့ရာတွင် ၂၀၀၂ခုနှစ်၌ ယေဘုယျ တွေ့မြင်နေရသော တိုင်းရင်း သားလူမျိုးများ အတူတကွ ပူးပေါင်းနေထိုင်မှုအခြေပြ အောက်ပါလူဦးရေ စာရင်းမှာ ပေါ်လွင်ထင်ရှားလှပေသည်။

(က) ကချင်ပြည်နယ်၌ ကချင်တိုင်းရင်းသား ၄၄၅၃၄၄ဦးနှင့်အတူ ကချင်မဟုတ် သော ဗမာ၊ ရှမ်းအစရှိသော တိုင်းရင်းသား ၈၉၇၇၆၃ဦး အတူတကွ ပူးပေါင်းနေထိုင်လျက်ရှိသည်။

(ခ) ကယားပြည်နယ်၌ ကယားတိုင်းရင်းသား ၇၉၅၃၅ဦးနှင့်အတူ ကယား မဟုတ်သော ဗမာ၊ ရှမ်းအစရှိသော တိုင်းရင်းသား ၂၀၇၁၃၅ဦး အတူတကွ ပူးပေါင်း နေထိုင်လျက်ရှိသည်။

(ဂ) ကရင်ပြည်နယ်၌ ကရင်တိုင်းရင်းသား ၇၈၉၉၀၃ဦးနှင့်အတူ ကရင်မဟုတ် သော ဗမာ၊မွန်၊ပအိုဝ်း စသော တိုင်းရင်းသား ၇၆၁၁၇၅ ဦး အတူတကွ ပူးပေါင်း နေထိုင်လျက်ရှိသည်။ ဧရာဝတီတိုင်း၌ ဗမာတိုင်းရင်းသား ခြောက်သန်းနှင့် ကရင်တိုင်းရင်းသား တစ်သန်းသုံးသိန်းတို့ အတူတကွ ပူးပေါင်းနေထိုင်လျက်ရှိသည်။

(ဃ) မွန်ပြည်နယ်၌ မွန်တိုင်းရင်းသား ၁၀၀၃၁၂၆ဦးနှင့်အတူ ဗမာ၊ ကရင်၊ ပအိုဝ်း အစရှိသော တိုင်းရင်းသား ၁၆၂၁၃၇၈ဦး အတူတကွ ပူးပေါင်း နေထိုင်လျက်ရှိသည်။

(င) ရှမ်းပြည်နယ်၌ ရှမ်းတိုင်းရင်းသား ၁၇၆၁၉၂၂ဦးနှင့်အတူ ရှမ်းမဟုတ်သော ပအိုဝ်း၊ 'ဝ'၊ လားဟူ၊ ပလောင်၊ ခနု၊ ကိုးကန့်၊ ဗမာ၊ ကယန်း အစရှိသော တိုင်းရင်းသား ၃၂၃၉၈၇၆ဦး အတူတကွ ပူးပေါင်း နေထိုင်လျက်ရှိသည်။

ဤတွင် ထူးခြားသည်မှာ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင်သာ ထိုပြည်နယ် အမည်ခံ တိုင်းရင်းသားသည် အများစု နေထိုင်ပြီး အခြား တိုင်းရင်းသားများမှာ အနည်းငယ်သာ နေထိုင်ခြင်းဖြစ်သည်။

အထက်ပါ အခြေအနေစာရင်းဇယားများကို ကျွန်ုပ်က ရှင်းလင်းပြော ကြားစဉ် ပို၍ခိုင်လုံစွာ ထပ်မံရှင်းပြပေးပါရန် မိတ်ဆွေအချို့က မေတ္တာရပ်ခံ လာပြန်သဖြင့် ပြည်နယ်အချို့အတွင်းရှိ မြို့နယ်အချို့တွင် နေထိုင်ကြသော ပြည်နယ်အမည်ခံ တိုင်းရင်းသားလူဦးရေနှင့် ပြည်နယ်အမည်မခံသော တိုင်း ရင်းသား လူဦးရေကို ၁၉၈၃ခုနှစ် သန်းခေါင်စာရင်း အခြေခံပြီး အောက်ပါ အတိုင်း အသေးစိတ် ရှင်းလင်းဖော်ပြလိုက်မှ ထပ်မံ စောဒကမတက်တော့ဘဲ ဘဝင်ကျကျ လက်ခံ သွားလေသည်။

၁၉၄၈ခုနှစ်မှစ၍ ယနေ့အထိ မဖြစ်ပေါ်ဖူးသေးသော၊ မရဖူးသေးသော တိုင်းရင်းသားလူမျိုးများအတွင်း စည်းလုံးညီညွတ်မှု၊ ယုံကြည်မှု၊ နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှုသည် ယခု ၂၀၀၄ခုနှစ်၌ ကြီးမား နက်ရှိုင်းစွာရရှိထားပြီးဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် ဆန့်ကျင်ဘက်ဖြစ်သွားခဲ့ရသော တိုင်းရင်းသား အဖွဲ့အစည်း ၁၇ ဖွဲ့သည် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ပြီး တပ်မတော်နှင့်လက်တွဲ၍ ဒေသဖွံ့ဖြိုးရေး၊ အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်သစ်ထူထောင်ရေး ကနဦးလုပ်ငန်းစဉ်ဖြစ်သော ကျင်းပဆဲ အမျိုးသားညီလာခံသို့ ကိုယ်စားလှယ်များ စေလွှတ်ကာ တိုင်ပင်ညှိနှိုင်းမှုများပြုလျက် ရှိသည်မှာ ကျက်သရေမင်္ဂလာ ရှိနေပေသည်။

## ကချင်ပြည်နယ်၌

| ဗန်းမော်မြို့နယ် | ၇၈၁၈၃ | |
|---|---|---|
| ကချင် | ၁၃၀၂၃ | = ၁၇ ရာခိုင်နှုန်း |
| ဗမာ | ၃၂၂၁၄ | = ၄၁ ရာခိုင်နှုန်း |
| ရှမ်း | ၂၆၃၁၆ | = ၃၄ ရာခိုင်နှုန်း |

| မိုးကောင်းမြို့နယ် | ၉၈၅၂၇ | |
|---|---|---|
| ကချင် | ၂၁၅၉၄ | = ၂၂ ရာခိုင်နှုန်း |
| ဗမာ | ၃၇၉၁၈ | = ၃၈ ရာခိုင်နှုန်း |
| ရှမ်း | ၃၀၇၆၃ | = ၃၁ ရာခိုင်နှုန်း |

| မိုးညှင်းမြို့နယ် | ၁၃၈၇၉၅ | |
|---|---|---|
| ကချင် | ၈၄၁၆ | = ၆ ရာခိုင်နှုန်း |
| ဗမာ | ၆၉၁၁၆ | = ၅၀ ရာခိုင်နှုန်း |
| ရှမ်း | ၅၄၅၇၉ | = ၃၉ ရာခိုင်နှုန်း |

| ရွှေကူမြို့နယ် | ၅၁၇၇၆ | |
|---|---|---|
| ကချင် | ၃၀၉၂ | = ၆ ရာခိုင်နှုန်း |
| ဗမာ | ၄၅၆၁၂ | = ၈၈ ရာခိုင်နှုန်း |
| **မြစ်ကြီးနား** | **၁၅၃၀၆၁** | |
| ကချင် | ၇၃၆၆၇ | = ၄၈ ရာခိုင်နှုန်း |

**ပြည်နယ်တစ်ခုလုံးတွင် ကချင် ၃၈ရာခိုင်နှုန်း၊ ဗမာ ၂၉ရာခိုင်နှုန်း၊ရှမ်း ၂၄ ရာခိုင်နှုန်း၊ အခြား ၆ ရာခိုင်နှုန်းနေကြ၏။**

စာမျက်နှာ ၁၁ ကော်လံ ၁သို့

● *ကျောဖုံးမှ*

တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်ဇော်ဝင်း၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမြင့်ထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တိုင်းရင်းသား ဆီအုန်းလုပ်ငန်းရှင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့်အတူ မော်တော်ယာဉ်များဖြင့် ကော့သောင်းမြို့နှင့် ပုလုံးတုံတုံးကျေးရွာကို ဆက်သွယ်ပေးမည့် ကော့သောင်း-ပုလုံးတုံတုံးတံတားသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးတင်မိုးအောင်က တံတား၏တည်နေရာ၊ ချဉ်းကပ်လမ်းနှင့် ပင်မတံတား တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ အစီအစဉ်များကိုလည်းကောင်း၊ ပုလုံးတုံတုံးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဆာဒတ်က တံတားအတွက် မျှော်လင့်ချက်များ စုဆောင်းမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး တံတားကို ၂၀၀၄ခုနှစ် နိုဝင်ဘာလတွင် အပြီးတည်ဆောက်ကြရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် တံတား တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။**(အပေါ်ပုံ)**

ပုလုံးတုံတုံးကျေးရွာသည် ကော့သောင်းမြို့၏ အနောက်ဘက်တွင် တည်ရှိသော ကျွန်းရွာ တစ်ရွာဖြစ်ပြီး ကော့သောင်းမြို့သို့ ဆက်သွယ်သွားလာရာတွင် ချောင်းဝကျေးရွာသို့ ကူးတို့ဖြင့်ကူးသန်းပြီး ချောင်းဝကျေးရွာမှတစ်ဆင့် ကော့သောင်းမြို့သို့ ကုန်းလမ်းခရီးဖြင့် ကူးသန်းသွားလာကြရသည်။

ကော့သောင်းမြို့နှင့် ပုလုံးတုံတုံးကျေးရွာကို ကုန်းလမ်းခရီးဖြင့် ချိန်ခါမရွေး သွားလာနိုင်ပြီး ကျေးရွာဒေသဖွံ့ဖြိုးမှု ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်၍ အရှည် ၅၇၅၇ ပေရှိ အဆိုပါ ကော့သောင်း-ပုလုံးတုံတုံးတံတားကို ၂၀၀၄ ခုနှစ် မတ်လတွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

## နိုဝင်ဘာလအတွင်းအပြီးတည်ဆောက်မည်

အရှည် ၅၇၅၇ ပေရှိ ကော့သောင်း-ပုလုံးတုံတုံးတံတား တည်ဆောက်ခြင်းလုပ်ငန်းမှာ ယခုအခါ ၇၈ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်သဖြင့် တံတားတည်ဆောက်ရေး ဦးစီးကော်မတီက ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အမြန်ဆုံးအထောက်အကူ ပြုနိုင်ရေးအတွက် ၂၀၀၄ခုနှစ် နိုဝင်ဘာလအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကော့သောင်း-ပုလုံးတုံတုံးတံတား ကော့သောင်းဘက်ခြမ်း ချဉ်းကပ်လမ်းအနီးရှိ ဒေသဝမ်းစာဖူလုံရေးအတွက် သီတာရေလုပ်ငန်းကုမ္ပဏီလီမိတက်၏ မြေဧက ၁၂၀၌ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသည့် ကျော်ဇေယျနှင့် လုံးသွယ်မွှေးမျိုး မိုးစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့ သီတာရေလုပ်ငန်းကုမ္ပဏီလီမိတက်၏ တာပတ်လယ်ဧက ၁၂၀ စိုက်ပျိုးရေးလုပ်ငန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ သီတာရေလုပ်ငန်းကုမ္ပဏီလီမိတက် ဒါရိုက်တာဦးအောင်စိုးက စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သည့် တည်နေရာနှင့်အကျယ်အဝန်း၊ လယ်မြေအမျိုးအစားနှင့်စတင်စိုက်ပျိုးသည့်နှစ်၊ လုပ်သားခန့်ထားများ၊ မူလတာပတ်စရိတ်နှင့် ပြင်ဆင်ထိန်းသိမ်းစရိတ်နှုန်းထားများ၊ စပါးတစ်ဧကစိုက်ပျိုးမှု ကုန်ကျစရိတ်၊ ၂၀၀၄-၂၀၀၅ ခုနှစ် မြေယာဖော်ထုတ်မှုနှင့် စပါးစိုက်ပျိုးထားမှုအခြေအနေ၊ နှစ်စဉ်မြေဧက ၂၀စီ တိုးချဲ့စိုက်ပျိုးသွားမည့် အစီအစဉ်များကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာဦးတင်မောင်မြင့်က ကျော်ဇေယျစပါးမျိုးနှင့် လုံးသွယ်မွှေးစပါးမျိုးများ စိုက်ပျိုးရာတွင် ပုလဲဓာတ်မြေသြဇာအပြင် ပိုတက်နှင့် တီစူပါဓာတ်မြေသြဇာများ သုံးစွဲရမည့် အခြေအနေကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဒေါက်တာညီညီက မြေယာအသစ် ဖော်ထုတ်စိုက်ပျိုးရာတွင် တွေ့ကြုံရမည့် အခက်အခဲများနှင့် ကျော်လွှားဖြေရှင်းနိုင်မည့် နည်းလမ်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်က ဒေသဝမ်းစာဖူလုံရေးအတွက် တနင်္သာရီတိုင်းအနေဖြင့် ကြိုးပမ်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဆွေးနွေးမှာကြားရာ၌ တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ဒေသဝမ်းစာဖူလုံရေးအတွက် ဆန်စပါးစိုက်ပျိုးမှုလုပ်ငန်းတွင် ပါဝင်ကြိုးပမ်းဆောင်ရွက်သည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ မြေယာပြုပြင်ဖော်ထုတ် ထွန်ယက်စိုက်ပျိုးရာတွင် နည်းစနစ်မှန်ကန်စွာဖြင့် ထွန်ယက်စိုက်ပျိုးကြစေလိုကြောင်း၊ စီးပွားရေးအရ တွက်ခြေကိုက်သည့် မျိုးစပါးကိုသာ ရွေးချယ်ပြီး တစ်မိုးနှစ်သီးအပြင် နွေစပါးပါ တိုးချဲ့ကြိုးစားစိုက်ပျိုးကြစေလိုကြောင်း၊ မြေပြုပြင်ထွန်ယက်မှု မှန်ကန်၍ စိုက်နည်းစနစ်မှန်ကန်ပါက မိမိတို့အတွက် အကျိုးရှိရုံသာမက ဒေသဝမ်းစာဖူလုံရေးအတွက်ပါ များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများ၏ ပံ့ပိုးမှုသည် ဒေသစိုက်ပျိုးရေးတွင် အရေးပါသဖြင့် တာဝန်ရှိသူများအနေဖြင့် ဝီရိယစိုက်ထုတ်ကြိုးပမ်းလုပ်ဆောင်ကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါ သီတာရေလုပ်ငန်းကုမ္ပဏီလီမိတက်၏ ဒေသဝမ်းစာဖူလုံရေးအတွက် ၂၀၀၄-၂၀၀၅ခုနှစ် မိုးစပါးစိုက်ပျိုးပြီးစီးမှုမှာ ကျော်ဇေယျ မျိုးစပါးဧက ၁၀၀နှင့် လုံးသွယ်မွှေးမျိုးစပါးဧက၂၀ စုစုပေါင်းဧက ၁၂၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် တောင်သူလယ်သမားများအား နည်းပညာပေးရန်အတွက် ရှင်းလင်းဆောင်ဘေး၌ ခင်းကျင်းပြသထားသော ဆေးဖျန်းကိရိယာ၊ အပင်ရောဂါသတ်ဆေး၊ ပိုးသတ်ဆေး၊ အပင်အားဆေး၊ အရွက်ဖျန်းမြေသြဇာ၊ ဘိုင်အိုကွန်ပိုဇာနှင့် ဓာတ်မြေသြဇာများကို ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

**စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်**

## ကယားပြည်နယ်၌

| ဖားဆောင်းမြို့နယ် | ၁၆၁၅၉ | |
|---|---|---|
| ကယား | ၇၆၈ | = ၅ ရာခိုင်နှုန်း |
| ကရင် | ၆၆၂၁ | = ၄၁ရာခိုင်နှုန်း |
| ဗမာ | ၅၂၇၅ | = ၃၃ရာခိုင်နှုန်း |

| လွိုင်ကော်မြို့နယ် | ၇၀၁၄၃ | |
|---|---|---|
| ကယား | ၂၄၇၃၈ | = ၃၅ ရာခိုင်နှုန်း |
| ဗမာ | ၂၀၉၀၇ | = ၃၀ ရာခိုင်နှုန်း |
| ရှမ်း | ၁၇၂၅၆ | = ၂၅ ရာခိုင်နှုန်း |

## ကရင်ပြည်နယ်၌

| ကော့ကရိတ်မြို့နယ် | ၁၁၂၄၃၁ | |
|---|---|---|
| ကရင် | ၃၉၀၃၈ | = ၃၅ရာခိုင်နှုန်း |
| ဗမာ | ၁၈၁၇၂ | = ၁၆ရာခိုင်နှုန်း |
| မွန် | ၄၀၃၀၈ | = ၃၆ရာခိုင်နှုန်း |

| မြဝတီမြို့နယ် | ၁၂၆၀၁ | |
|---|---|---|
| ကရင် | ၉၇၆ | = ၈ရာခိုင်နှုန်း |
| ဗမာ | ၃၉၅၁ | = ၃၁ရာခိုင်နှုန်း |
| ရှမ်း | ၆၇၄၈ | = ၅၄ရာခိုင်နှုန်း |

| ကြာအင်းဆိပ်ကြီးမြို့နယ် | ၅၁၆၉၁ | |
|---|---|---|
| ကရင် | ၁၆၁၄၂ | = ၃၁ရာခိုင်နှုန်း |
| ဗမာ | ၁၀၁၁၃ | = ၂၀ရာခိုင်နှုန်း |
| မွန် | ၁၈၃၅၈ | = ၃၆ရာခိုင်နှုန်း |

## မွန်ပြည်နယ်၌

| ကျိုက်ထိုမြို့နယ် | ၁၁၉၀၈၂ | |
|---|---|---|
| မွန် | ၆၅၀ | = ၁ ရာခိုင်နှုန်း |
| ဗမာ | ၉၅၆၇၇ | = ၈၀ ရာခိုင်နှုန်း |
| ကရင် | ၁၇၀၅၀ | = ၁၄ ရာခိုင်နှုန်း |

| သထုံမြို့နယ် | ၁၉၈၃၅၄ | |
|---|---|---|
| မွန် | ၆၁၂၃ | = ၃ ရာခိုင်နှုန်း |
| ဗမာ | ၇၆၆၆၆ | = ၃၉ ရာခိုင်နှုန်း |
| ပအိုဝ်း | ၁၀၂၂၀၂ | = ၅၂ ရာခိုင်နှုန်း |

| ဘီးလင်းမြို့နယ် | ၁၄၄၇၃၁ | |
|---|---|---|
| မွန် | ၄၆၉ | = ၁ ရာခိုင်နှုန်း |
| ဗမာ | ၈၇၉၀၀ | = ၆၁ ရာခိုင်နှုန်း |
| ကရင် | ၄၉၉၂၅ | = ၃၄ ရာခိုင်နှုန်း |

| မော်လမြိုင်မြို့နယ် | ၂၅၉၉၉၀ | |
|---|---|---|
| မွန် | ၃၉၉၇၃ | = ၁၅ ရာခိုင်နှုန်း |
| ဗမာ | ၁၅၃၇၅၃ | = ၅၉ ရာခိုင်နှုန်း |
| အခြား | ၃၂၆၇၁ | = ၁၃ ရာခိုင်နှုန်း |

တိုင်းရင်းသားပြည်သူအပေါင်းသည် လွန်ခဲ့သောနှစ် ၁၀၀၀ခန့် (AD-၁၀၄၄)မှအစပြု၍ ယနေ့အထိ တိုင်းရင်းသားလူမျိုးအချင်းချင်း မေတ္တာဖြင့် ပူးပေါင်းနေထိုင်ခဲ့ကြသည်။ တစ်ခါတစ်ရံ အာဏာရူးပဒေသရာဇ်လူတစ်စု၏ ပယောဂကြောင့် စစ်ပွဲများဖြစ်ရသော်လည်း ပြည်သူများမှာမူ ပါဝင်လိုခြင်း မရှိကြချေ။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်လိုကြသည်သာ ဖြစ်သည်။

အထက်ပါ စာရင်းဇယားများကို ထောက်ရှုခြင်းဖြင့် ကျွန်ုပ်တို့သည် ပြည်ထောင်စုကို ဖက်ဒရယ်ဆန်ဆန် ခွဲခွဲခြားခြားမလုပ်သင့်ပေ။ အရေးကြီးကိစ္စများ၌ ခွဲခွဲခြားခြားမလုပ်ကြမှုဘဲ တစ်မျိုးသားလုံးကြီးပွားရေး၊ ဘုန်းတန်ခိုးကြီးမြင့်ရေး၊ နိုင်ငံတကာခံ့ညားရေးကို ရှေးရှုပြီး ဗဟိုအစိုးရသမ္မတကြီး ခေါင်းဆောင်သော ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုလွှတ်တော်ကြီး တန်ခိုးအာဏာ ပြည့်စုံရေး(Supremacy of Union Hluttaw)ကို ဦးစားပေးကာ တိုင်းဒေသကြီးနှင့် ပြည်နယ်များကမူ မိမိတို့ဒေသအတွင်း ဖွံ့ဖြိုးရေးအတွက် ဖြစ်နိုင်ချေရှိသော (Potential)များကို စည်းရုံးမြှင့်တင်၍ ချမ်းသာသော၊ အဆင့်အတန်းမြင့်မားသော တိုင်းဒေသကြီးများ၊ ပြည်နယ်များဖြစ်ရန် အာရုံစူးစိုက် ဆောင်ရွက်ကြသင့်ပေသည်။

လိုရင်းအချုပ်မှာ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ ချစ်ကြည်စွာ ရောနှောနေထိုင်လျက်ရှိသည့် ပကတိ အခြေအနေကို သိမြင်ကာ(Highly Federalized) ဖက်ဒရယ်ဆန်လွန်းခြင်း အစွန်းသို့ မရောက်မှုဘဲ (Not Highly Federalized)တစ်ပြည်ထောင်ဆန်သော ပြည်ထောင်စုစနစ်(Union System) ကို ယုံကြည်အားပေးထောက်ခံသင့်ကြပါကြောင်း ပွင့်လင်းစွာ တင်ပြလိုက်ရပါသည်။ ။



ဆုံစည်းစေ ဇာတ်ကားမှ ရာဇာနေဝင်းနှင့် ထွန်းအိန္ဒြာဗို။

# ဆုံစည်းစေ ဇာတ်ကားနှင့် I,Robot ဇာတ်ကား ရုံဝင်လာ ပြသဆဲဇာတ်ကားများ ဆက်လက်ပြသလျက်ရှိ

**ရုပ်ရှင်သတင်းထောက်**

ရန်ကုန် စက်တင်ဘာ ၂၃

**ယခုသောကြာ ရုပ်ရှင်ကဏ္ဍတွင် ‘ဆုံစည်းစေ’ဇာတ်ကားနှင့် I, Robot ဇာတ်ကားသစ်နှစ်ကား အပြိုင်ရုံဝင်လာသည်။**

နီကိုရဲ ဝတ္တုကို ဒါရိုက်တာ ဝင်းထွန်းထွန်းရိုက်ကူးပြီး ရာဇာနေဝင်း၊ ဖြိုးငွေစိုး၊ ထွန်းအိန္ဒြာဗို၊ အိန္ဒြာကျော်ဇင်နှင့် စမ်းစမ်းအေး(ရှမဝ)တို့ ပါဝင်ထားသော **‘ဆုံစည်းစေ’**ဇာတ်ကားသစ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့တွင် ရုံဝင်လာသည်။

အစ်ကိုကြီးတော့ အဖအရာဆိုသလို မိဘများမရှိတော့၍ ညီမလေးအား မိမိ၏ဘဝထက် အစစအရာရာ ဦးစားပေး အနစ်နာခံခဲ့သည့် အစ်ကိုတစ်ယောက်၏ မိသားစုအပေါ် သံယောဇဉ်ကြီးတတ်သော ဘဝသရုပ်ပေါ်လွင်အောင် ဟာသနှောကာ ရိုက်ကူးထားသည်။

ဒါရိုက်တာ Alex Proyas ရိုက်ကူးပြီး Willsmith, Bridget Maynahan တို့ ပါဝင်ထားသည့် I, Robot ဇာတ်ကားသစ် နေပြည်တော် ရုံဝင်လာသည်။ လူသားများသည် ရိုဘော့စက်ရုပ်များကို နေ့စဉ်အိမ်သုံးပစ္စည်းသဖွယ် ယုံကြည်စိတ်ချစွာ သုံးစွဲလာကြသည်။ တစ်နေ့ စက်ရုပ်များ တီထွင်သည့် သိပ္ပံပညာရှင်သေကြောင်းကြံစည်ရာမှ လိုက်လံစုံစမ်းရင်း ရိုဘော့စစ်ဆင်ရေး ပေါ်ပေါက် လာအောင် ဖန်တီးသော ပင်မကွန်ပျူတာ V.I.K.I ကို တွေ့ရှိခဲ့သည်။ V.I.K.Iကို သက်စွန့်ဆံဖျား ဖျက်ဆီး လိုက်ရာ ရိုဘော့များ ပင်ကိုစိတ်ပြန် ဖြစ်သွားသည့်အဖြစ်အပျက်ကို တီထွင်ဆန်းသစ်မှုများဖြင့် စိတ်ဝင်စားအောင် ရိုက်ကူးထားသော သိပ္ပံစက်ရုပ် ဇာတ်ကားဖြစ်သည်။ ရှေ့ဆောင်ရုံတွင် လွင်မိုး၊ ရာဇာနေဝင်း၊ နန္ဒာလှိုင်၊ အိန္ဒြာကျော်ဇင်၊ ဆုပန်ထွာ၊ နှင်းဝတ်ရည်သောင်းနှင့် အေးဝတ်ရည်သောင်းတို့ ပါဝင်သရုပ်ဆောင်ထားသော **“ပင်လယ်မင်းသား”**ဇာတ်ကားပြသလျက်ရှိသည်။



**I, Robot ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း**



**Die Hard-3 ဇာတ်ကားမှ ဘရုစ်ဝီလီ၏ သရုပ်ဆောင်ပြကွက်။**

ရွှေဂုန်အဆင့်မြင့်ရုံတွင် ဘရုစ်ဝီလီခေါင်းဆောင်ပါဝင်ထားသော“Die Hard-3”ဇာတ်ကားရုံဝင်လာသည်။ ဘရုစ်ဝီလီသည် နယူးယောက်ရှိ မြို့တစ်မြို့မှ နာမည်ကြီးစုံထောက်တစ်ဦးဖြစ်သည်။ ဖောက်ထွင်းရေးသမားတစ်ဦးက တစ်မြို့လုံးတွင် ပြင်းထန်စွာ ပေါက်ကွဲစေသော ဗုံးများထောင်၍ ဝီလီကိုအကျပ်ကိုင်သဖြင့် ဘရုစ်ဝီလီက အခက်အခဲများကြားမှ သည်းထိတ်ရင်ဖို သွက်လက်စွာ လှုပ်ရှားခဲ့ရမှုကို အသားပေး ရိုက်ကူးထားသည်။

မြို့မရုံတွင် Salman Khan, Arbaz Khan, Rani Mukerji နှင့် Shakti Kapoor ပါဝင်ထားသော Hello Brother ဇာတ်ကား ရုံဝင်လာသည်။ ။ **(မြန်မာ့အလင်း)**



## လူမှောင်ခိုနှင့်လူကုန်ကူးမှု တားဆီးကာကွယ်ရေး သိကောင်းစရာ ဟောပြောပွဲ လှိုင်သာယာတွင်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၃

**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် "လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာ" ဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၃)အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့မှ အကြံပေးပုဂ္ဂိုလ် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်ခင်လှလှနှင့် အကြံပေးပုဂ္ဂိုလ်များ၊ လူမှောင်ခိုနှင့်လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မေစိုးနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် လှိုင်သာယာမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လှိုင်သာယာမြို့နယ်အတွင်းရှိ စက်ရုံအလုပ်ရုံများမှ အမျိုးသမီးဝန်ထမ်းများ တက်ရောက်ကြသည်။**

**ဟောပြော**

အခမ်းအနားတွင် မြန်မာနိုင်ငံနှင့် ဩစတြေးလျအစိုးရ(အမ်အိုယူ) အစီအစဉ်ဖြင့် ပူးပေါင်းဆောင်ရွက်သော လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အထူးအဖွဲ့ခေါင်းဆောင် ဒုတိယရဲမှူးကြီး ရာလျှန်မုန်းက "မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် တားဆီးနှိမ်နင်းရေးအကြောင်းသိကောင်းစရာ" များကို လည်းကောင်း **(အောက်ပုံ)**၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး ရဲမှူးအောင်သန်းက "လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဥပဒေရေးရာ" များကိုလည်းကောင်း ဟောပြောကြပြီး ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းနိုင်က ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးအပ်သည်။

**(၁၈၀)**

**စက်တင်ဘာ ၂၂ ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)တွင် အမှာစကား ပြောကြားစဉ်။** (စက်မှု–၁)

## အသက်(၂၁)နှစ်အောက် ဟော်ကီပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လူငယ်လက်ရွေးစင်ဟော်ကီအဖွဲ့ ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၂၃**

၂၀၀၄ ခုနှစ် စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၅ ရက်အထိ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဒါကာမြို့၌ကျင်းပမည့်အသက်(၂၁)နှစ်အောက် လူငယ်ဟော်ကီပြိုင်ပွဲ(U-21 Six Nations Challenge Cup)တွင်ပါဝင် ယှဉ်ပြိုင်ရန် မြန်မာ့လူငယ်လက်ရွေးစင်ဟော်ကီအဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာ့လူငယ်လက်ရွေးစင်ဟော်ကီအဖွဲ့အား မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ တပ်မတော်မှတ်တမ်းရုံးတပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်နှင့် အမှုဆောင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းထွဋ်နှင့် တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

**လိုက်ပါသွား**

မြန်မာ့လူငယ်လက်ရွေးစင်ဟော်ကီအဖွဲ့တွင် ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ (ပြည်ပရေးရာတာဝန်ခံ)ဦးကျော်နိုင်၊ ဒုတိယခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးမြင့်ထွန်း၊ အသင်းအုပ်ချုပ်သူအဖြစ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မင်း၊ ခုံသမာဓိ လူကြီးအဖြစ် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး(၁) ဗိုလ်ကြီးအောင်ကြည်ဝင်း၊ ဘဏ္ဍာရေးမှူးအဖြစ် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး(၂) ဦးမြင့်နိုင်၊ အသင်းနည်းပြဆရာအဖြစ် အရာခံဗိုလ်ပြုံးကြည်တို့ အပါအဝင် စုစုပေါင်းအဖွဲ့ဝင် ၃၀ တို့ လိုက်ပါသွားကြသည်။ **(အောက်ပုံ)**

မြန်မာ့လက်ရွေးစင် လူငယ်ဟော်ကီအသင်းသည် ပွဲဦးထွက်အဖြစ် စက်တင်ဘာ၂၈ရက်တွင် အိမ်ရှင်ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ လက်ရွေးစင် ဟော်ကီအသင်းနှင့် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





## (၁၀)ရက်တရားစခန်းဖွင့်မည်

**ရန်ကုန် စက်တင်ဘာ ၂၃**

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထ ဝိပဿနာအကျင့်မြတ်အလုပ်ပေးတရားတော်ကို ပဲခူးတိုင်း နတ်တလင်းမြို့နယ် လှပခြင်းကျေးရွာ ဇေယျာသုခ မိုးကောင်းကျောင်း ဓမ္မဗိမာန်တော်တွင် ဆရာတော်ဦးနန္ဒဝံသနှင့်ဆရာတော်ဦးဝိသုဒ္ဓတို့၏ ဩဝါဒကိုခံယူ လျက် ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက အောက်တိုဘာ ၃ ရက်မှ ၁၂ရက်အထိ ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆို လာရောက် တရားအားထုတ် နိုင်ကြောင်း သိရသည်။

**(က–ပ)**

## ဇလွန် အထက အာစရိယပူဇော်ပွဲ

**ရန်ကုန် စက်တင်ဘာ ၂၃**

ဇလွန်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ အငြိမ်းစားယူကြပြီး ဇလွန်မြို့နယ်အတွင်းနေထိုင်ကြသော သက်ကြီးရွယ်အိုဆရာကြီး ဆရာမကြီးများအား (၂၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၁၇ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူဟောင်းများသည် ဒေါ်ဘီဘီအောင်(ကျောင်းအုပ်ဆရာမကြီး) အထက ဇလွန်၊ ဦးကျော်ဌေး သမ္မတသက်န်းတိုက် ဗိုလ်ချုပ်လမ်း ဇလွန်မြို့နှင့် ဦးသန်းကျော်ဌေး မြို့နယ်စာရင်းရုံး ဇလွန်မြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**



## ဒီပလိုမာအောင်လက်မှတ်များချီးမြှင့်

**ရန်ကုန် စက်တင်ဘာ ၂၃**

မြန်မာ့ကွန်ပျူတာ ကုမ္ပဏီလီမိတက် (MCC)မှ နိုင်ငံတကာ အသိအမှတ်ပြု ကွန်ပျူတာဒီပလိုမာ သင်တန်းများ အောင်လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ရန်ကုန်မြို့ လှိုင်မြို့နယ် MICT Park Main Building ၌တွင် ယမန်နေ့နံနက် ၉နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့ကွန်ပျူတာကုမ္ပဏီလီမိတက်(MCC)မှ President/CEO ဦးတင်ဝင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး**(ယာပုံ)** British Council မှ Acting Director Michael Gordonနှင့် NCC Education Limited မှ South East Asia Regional Director Miss Maria Santagata တို့က အမှာစကားပြောကြားကြကာ တာဝန်ရှိသူများက သင်တန်းဆင်းအောင်လက်မှတ်နှင့် ဂုဏ်ပြုဆုများ ချီးမြှင့်သည်။ အခမ်းအနားတွင် BCIS, IADCS, IDCS အောင်လက်မှတ်ရရှိသူ ၁၁၈ဦးရှိပြီး Global Highest Achiever Awardအား IDCS Courseမှ မောင်ဇင်ကိုမြင့်၊ မောင်ထွဋ်ခေါင်စိုး၊ မောင်အောင်မျိုးထက်နှင့် IADCS ၌Courseမှ မောင်သုတအောင်နှင့် မလှသူဇာတို့ ဖြစ်ကြောင်း သိရသည်။ **(က–ပ)**





## ဆုချီးမြှင့်

**စက်တင်ဘာ ၁၈ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမက (၁၂) မိဘဆရာအစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကျင်းပရာ မြို့နယ်အဆင့် ဘက်စုံထူးချွန် တတိယဆု၊ သင်္ချာဘာသာ ပထမဆု၊ ငါးနှစ်ဆက်တိုက် ပထမဆုရ စတုတ္ထတန်းမှ မောင်ရဲသူအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်နုက ဆုချီးမြှင့်စဉ်။**

(၁၉၂)

# ဂျူဗင်းတပ် ဂိုးပြတ်သွင်း၍ထိပ်ဆုံးမှရပ်တည်ဆဲ ချန်ပီယံအေစီမီလန် တန်းတက်မက်ဆီနာကိုရှုံးနိမ့်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ

**ရန်ကုန် စက်တင်ဘာ ၂၃**

စီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃)ကို စက်တင်ဘာ ၂၂ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာတွင် ချန်ပီယံအေစီမီလန်က မက်ဆီနာကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးပြီး ကျန်အသင်းကြီးများဖြစ်သည့် အင်တာမီလန်၊ ဂျူဗင်းတပ်နှင့် လာဇီယိုတို့ နိုင်ပွဲများရရှိကာ အောင်ပွဲခံနိုင်ခဲ့ကြသည်။

## အေစီမီလန်နှင့်မက်ဆီနာ

ချန်ပီယံအေစီမီလန်သည် အိမ်ကွင်း၌ အတန်းတက် မက်ဆီနာ၏ ပညာပေးခြင်းခံရကာ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းအတွက် အေစီမီလန်နည်းပြ အန်ဆမ်လော့တီမှာ အပြင်းထန်ဆုံးသော ဝေဖန်ပြစ်တင်မှုများနှင့် ကြုံတွေ့နေရပြီဖြစ်သည်။

အေစီမီလန်က မက်ဆီနာနှင့်ပွဲတွင် ရှက်ဗ်ချင်ကို၊ အင်ဇာဂီ၊ ဆီးဒေ့ဖ်၊ ပီယာလိုနှင့် ကာကာတို့ အပြင် ကာဖူး၊ မာဒီနီနှင့် နက်စတာတို့ကိုပါ လူစုံထုတ်ပြီး နိုင်ပွဲရရှိရေး ကြိုးစားခဲ့သော်လည်း ထင်တိုင်းမပေါက်ခဲ့ချေ။

ရှက်ဗ်ချင်ကိုနှင့် အင်ဇာဂီတို့လည်း မက်ဆီနာနောက်တန်းခံစစ်ကြောင်းကို မထိုးဖောက်နိုင်ဘဲရှိရာ ပထမပိုင်းပြီးဆုံးသည်အထိ ဂိုးမသွင်းနိုင်ခဲ့ချေ။ ပွဲချိန် ၅၅မိနစ်တွင်မှ အေစီမီလန် နောက်ခံလူ ပန်ကာရိက အဖွင့်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ချက်ချင်းဆိုသလိုပင် ပွဲချိန် ၅၆မိနစ်၌ မက်ဆီနာတိုက်စစ်မှူး ဂီယန်ပါက ချေပဂိုးသွင်းယူလိုက်သဖြင့် အေစီမီလန်တို့ ပျော်ချိန်သိပ်မရလိုက်ပေ။

အေစီမီလန်ကို ချေပဂိုးသွင်းပြီးနောက် မက်ဆီနာတို့ ထပ်မံတိုက်စစ်ဆင်ကစားရာမှ ပွဲချိန် ၅၉ မိနစ်တွင် မက်ဆီနာတိုက်စစ်မှူး ဇမ်ပါဂနာက အနိုင်ဂိုးသွင်းခဲ့သဖြင့် အေစီမီလန်တို့ ရေတိမ်နစ်ခဲ့ရခြင်းဖြစ်သည်။

အတန်းတက် မက်ဆီနာမှ ပွဲစဉ်(၁) တွင် ပါးမားကို အဝေးကွင်း၌ ဂိုးမရှိ သရေ၊ ပွဲစဉ်(၂)တွင် ရီးမားအသင်းကို မိမိကွင်း၌ လေးဂိုး-သုံးဂိုးဖြင့် အနိုင်ယူပြီး ယခုပွဲ အေစီမီလန်ကို အေစီမီလန်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူလိုက်ရာကျန်စီးရီးအေအသင်းကြီးများ အံ့အားတသင့် ဖြစ်ခဲ့ရသည်။

ချန်ပီယံအေစီမီလန်တို့ ယခုခြေစွမ်းအတိုင်းဆက်သွားပါက ချန်ပီယံသရဖူကို ကာကွယ်နိုင်မည်မဟုတ်ရာ အသင်းကစားပုံကို ပြင်ဆင်ပြောင်းလဲမှုများ ပြုလုပ်ရတော့မည်ဖြစ်သည်။

## အင်တာမီလန်နှင့်အတ္တလန္တာ

ယခုနှစ် စီးရီးအေပြိုင်ပွဲ၌ ခြေပျက်နေသော အင်တာမီလန်သည် ပွဲစဉ်(၁)၌ အဝေးကွင်းတွင် ချီယေးဗိုကို နှစ်ဂိုးစီသရေကစားထားပြီး ပွဲစဉ်(၂)၌ အိမ်ကွင်းတွင် ပါလာမိုကိုလည်း နှစ်ဂိုးစီ သရေကစားခဲ့ရာ နိုင်ပွဲဝေးနေသော အင်တာမီလန်သည် ယခုပွဲ၌ အတ္တလန္တာကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရလိုက်ခြင်းမှာ ခက်ခဲသော အောင်မြင်မှုတစ်ရပ်ပင် ဖြစ်သည်။

အိမ်ကွင်းခြေစွမ်းထက်မြက်သော အတ္တလန္တာတို့က ပွဲအစတွင် ခြေအသာဖြင့် ထိုးဖောက်ကစားနိုင်ပြီး ပွဲချိန် ၂၄ မိနစ်တွင် အတ္တလန္တာက အဖွင့်ဂိုးသွင်းယူပြီး ပထမပိုင်းပြီးဆုံးသည်အထိ တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နေခဲ့သည်။

အင်တာမီလန်တို့ ချေပဂိုးရရှိရေး အပြင်းအထန်ကြိုးစားရာမှ ပွဲချိန် ၅၄ မိနစ်တွင် အင်တာမီလန်တိုက်စစ်မှူး စတန်ကိုဗစ်က တစ်ဂိုး၊ ပွဲချိန် ၇၈မိနစ်တွင် အစားဝင်လာသူ ရီကိုးဘားက တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

အတ္တလန္တာ၏ ချေပဂိုးကို ၈၅ မိနစ်တွင် ပက်ဇီနီက သွင်းယူခဲ့သဖြင့် အင်တာမီလန်တို့ အနိုင်ဂိုးရရှိရေး တရကြမ်း ထိုးဖောက်ကစားရာမှ ပွဲချိန် ၈၇မိနစ်တွင် အင်တာမီလန်တိုက်စစ်မှူး အက်ဒရီယာနိုက အနိုင်ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ အင်တာမီလန်တို့ ယခုပွဲအနိုင်ရရှိခြင်းမှာ ယခုနှစ် စီးရီးအေ၌ ပထမဆုံးအောင်ပွဲဖြစ်ရာ အင်တာမီလန် နည်းပြမန်ချီနီ သိက္ခာဆယ်နိုင်ခဲ့ပြီဖြစ်သည်။

## ဘရက်ရှားနှင့်လာဇီယို

ယခုနှစ်ခြေစွမ်း မပြနိုင်သေးသော ဘရက်ရှားတို့မိမိကွင်း ရီကာမွန်တီ၌ စက်တင်ဘာ ၂၂ ရက်က လာဇီယိုနှင့်ကစားရာ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်သွားသည်။ နှစ်ပွဲကစားပြီးချိန်အထိ နှစ်ပွဲစလုံးရှုံးကာ ခုနစ်ဂိုးအသွင်းခံထားရသော ဘရက်ရှား ယခုလာဇီယိုကိုလည်း နှစ်ဂို-ဂိုးမရှိဖြင့်ရှုံးခဲ့ပြန်ရာ နိုင်ပွဲနှင့်ဝေးနေဆဲဖြစ်သည်။

ယခုနှစ်တွင် လူသစ်များဖြင့် ဖွဲ့စည်းထားသော လာဇီယိုမှာလည်း ပုံမှန်ခြေစွမ်းပြန်လည်ရစပြုပြီးဖြစ်ကာ နိုင်ပွဲရရှိခဲ့ရာတွင် ပွဲချိန် ၂၈ မိနစ်၌ လာဇီယိုတိုက်စစ်မှူးရီချီက တစ်ဂိုး၊ ပွဲချိန် ၄၅ မိနစ်တွင် လာဇီယိုနောက်ခံလူကော်တိုကတစ်ဂိုးသွင်းယူခဲ့သဖြင့် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။



**အီတလီစီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃)အဖြစ် အင်တာမီလန်နှင့် အတ္တလန္တာအသင်းတို့ယှဉ်ပြိုင်ကစားရာ အင်တာမီလန်တိုက်စစ်မှူး အက်ဒရီယာနို ထိုးဖောက်ကစားစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

## ဆမ်ဒိုးရီးယားနှင့် ဂျူဗင်းတပ်

အိမ်ကွင်းခြေမာသော်လည်း နှစ်ပွဲကစားပြီးချိန်ထိ နိုင်ပွဲနှင့် သရေပွဲမရရှိသေးသည့် ဆမ်ဒိုးရီးယားကို ခြေစွမ်းထက်မြက်နေသော ဂျူဗင်းတပ်က သုံးဂိုးပြတ်သွင်းပြီးအနိုင်ယူလိုက်ရာ စီးရီးအေ တန်းစီဇယား ထိပ်ဆုံး၌ ဂျူဗင်းတပ်တို့ ရပ်တည်နေမြဲ အနေအထားအတိုင်းတွင် ရှိနေသည်။

ဂျူဗင်းတပ်အသင်းယခုပွဲတွင် ထရေဇီဂေး၊ဒယ်လ်ပီယာရို၊ နက်ဗက်၊ အီမာဆင်၊ ဇမ်ဘရော့တာ၊ သူရမ်နှင့် ကင်နာဗာရိုတို့ လူစုံပါဝင်ရာ ကစားအားကောင်းပြီး ဆမ်ဒိုးရီးယားအသင်းကို အပေါ်စီးမှ စိတ်ကြိုက်မွှေနှောက်ထိုးဖောက်ကစားသွားနိုင်ခဲ့သည်။

ပွဲချိန် ၁၉မိနစ်တွင် ဂျူဗင်းတပ်က ပယ်နယ်တီ ပြစ်ဒဏ်ဘောရရာ ယင်းပြစ်ဒဏ်ဘောကို ဒယ်လ်ပီယာရိုက တည်ငြိမ်စွာကန်သွင်းပြီး အဖွင့်ဂိုးရယူခဲ့သည်။

ဆမ်ဒိုးရီးယားတို့ ချေပဂိုးရရှိရေး ကြိုးစားထိုးဖောက်စကားသော်လည်း တောင့်တင်းခိုင်မာသည့် ဂျူဗင်းတပ်ခံစစ်ကြောင်းကို မကျော်နိုင်ဘဲရှိရာမှ ပွဲချိန် ၆၉ မိနစ်တွင် ဂျူဗင်းတပ်မှ အီဘရာဟင်မိုဗစ်ကတစ်ဂိုး၊ ပွဲချိန် ၈၇ မိနစ်တွင်တိုက်စစ်မှူးထရေဇီဂေးကတစ်ဂိုးသွင်းယူခဲ့သဖြင့် သုံးဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

လက်ရှိခြေစွမ်းအရ ဂျူဗင်းတပ်တို့ချန်ပီယံဖြစ်ရေး အလားအလာကောင်းလျက်ရှိရာ ယခုအချိန်ထိ သုံးပွဲကစား သုံးပွဲစလုံးဂိုးပြတ်ဖြင့် အနိုင်ရရှိထားသည်။

## ရီးမားနှင့်လက်ချီ

ပုံမှန်ခြေစွမ်း ပြန်မရသေးသော ရီးမားသည်အိမ်ကွင်း၌ ဧည့်သည် လက်ချီကို သရေကျအောင်မနည်းကစားခဲ့ရသည်။ ယခုနှစ် ခြေစွမ်းထက်မြက်နေသော လက်ချီသည် ရီးမားအသင်းကို ပွဲချိန် ၄၂မိနစ်တွင် ကာဆက်တီက တစ်ဂိုးဦးဆောင်သွင်းနိုင်ခဲ့ပြီးမှ ပွဲချိန် ၅၄မိနစ်တွင် ရီးမားတိုက်စစ်မှူးကက်ဆာနိုက ချေပဂိုးသွင်းနိုင်ခဲ့ခြင်းဖြစ်သည်။ ပွဲချိန် ၅၉မိနစ်တွင် လက်ချီအတွက် ဘိုဂျီနော့ဗ်ကတစ်ဂိုးထပ်သွင်းပြီး ပွဲချိန် ၇၂ မိနစ်တွင် ရီးမားမှမန်စီနီက ချေပဂိုးသွင်းခဲ့သဖြင့် ကံကောင်းထောက်မစွာ အိမ်ကွင်း၌ သရေပွဲဖြစ်ခဲ့ရခြင်း ဖြစ်သည်။

ရီးမားတို့ယခုခြေစွမ်းအတိုင်းဆက်သွားပါက ယခင်နှစ်ကအဆင့်(၂)ရခဲ့သည်ကို မည်သို့မျှပြန်ရနိုင်မည်မဟုတ်ရာ ပုံမှန်ခြေစွမ်းပြန်ရအောင်ကြိုးစားရဦးမည်ဖြစ်သည်။

စီးရီးအေ ပွဲစဉ်(၃)တွင် ချန်ပီယံအေစီမီလန်တို့ လူသစ်တန်း မက်ဆီနာကို ရှုံးခဲ့ရသဖြင့် ချန်ပီယံကာကွယ်ရေးအတွက် နည်းပြအန်ဆမ်လော့တီ ရတက်မအေးဖြစ်နေရပြီဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

# ၂၀၀၆ ကမ္ဘာ့ဖလားချန်ပီယံ ဘောလုံးပြိုင်ပွဲ ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမည်

**တိုကျို စက်တင်ဘာ ၂၃**

ဂျပန်နိုင်ငံသည် ၂၀၀၆ ကမ္ဘာ့ကလပ် ချန်ပီယံဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း ဂျပန်ဘောလုံးအကြီးအကဲ ဆာဘူရိုကာဝါဘူချီက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

## ကျင်းပရန်သဘောတူ

ဖီဖာ(ဘောလုံးအဖွဲ့ချုပ်)သည် ကမ္ဘာ့ကွန်ဖက်ဒရေးရှင်း ခြောက်ခုရှိ အသင်းများမှ တစ်သင်းစီသည် လာမည့်နှစ်တွင် စတင်ကစားမည်ဖြစ်ပြီး ပထမနှစ်ပွဲ ဂျပန်အနိုင်ရလျှင် အိမ်ရှင်အဖြစ် ကျင်းပရန် သဘောတူထားသည်။

မိမိတို့သည် လာမည့်နှစ်နှစ်တွင် အဆိုပါပွဲများကို အနိုင်ရခဲ့လျှင် ဖီဖာက ဂျပန်၌ ၂၀၀၆ ကမ္ဘာ့ကလပ်ချန်ပီယံ ဘောလုံးပြိုင်ပွဲအား ကျင်းပစေလိမ့်မည်ဖြစ်ကြောင်း ဖီဖာတာဝန်ရှိသူများနှင့် ဆွေးနွေးအပြီး ဇူးရစ်မြို့မှ ပြန်လာသော ကာဝါဘူချီက ပြောကြားသည်။

## အိမ်ရှင်

ဂျပန်နိုင်ငံသည် ၁၉၈၀ပြည့်နှစ်က တိုက်ကြီးများကလပ် ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။

**အမ်အင်အေ၊ ရိုက်တာ**

# အဲရစ်ဆင်ရီးရဲသို့မပြောင်းမှု သတင်းကောင်းဖြစ်ဟု ဘက်ဟမ်းပြောကြား

**မက်ဒရစ် စက်တင်ဘာ ၂၃**

အင်္ဂလန်အသင်း မန်နေဂျာ အဲရစ်ဆင်သည် ရီးရဲမက်ဒရစ်အသင်း နည်းပြအဖြစ် ပြောင်းရွှေ့ဖွယ်ရှိသော အခြေအနေတွင် အဲရစ်ဆင်အနေဖြင့် သူ့ကိုယ်သူ ထိန်းနိုင်ခဲ့သည်ကို မိမိဝမ်းမြောက်ဝမ်းသာဖြစ်ရသည်ဟု ဒေးဗစ်ဘက်ဟမ်းက ပြောဆိုသည်။

## သတင်းကောင်း

"ဒါဟာ အင်္ဂလန်အတွက် သတင်းကောင်းတစ်ရပ်ပါ၊ အဘယ်ကြောင့်ဆိုသော် သူသည် အင်္ဂလန်နိုင်ငံအား သူ၏ကတိပေးထားမှုကို သက်သေပြသလိုက်ခြင်းပင်ဖြစ်ကြောင်း" အင်္ဂလန် အသင်းခေါင်းဆောင် ဘက်ဟမ်းက ပြောကြားသည်။

## ငြင်းဆို

အဲရစ်ဆင်က ရီးရဲမက်ဒရစ်မှ နည်းပြကမာချို နုတ်ထွက်ပြီးနောက် ရီးရဲမက်ဒရစ်နည်းပြလုပ်ရန် ရီးရဲမက်ဒရစ်သို့ချဉ်းကပ်သည်ဆိုသည်ကို ငြင်းဆိုထားသည်။

**အမ်အင်အေ၊ ရိုက်တာ**

# ကမ္ဘာတစ်လွှား အားကစား

## ထိုင်း၊ ဗီယက်နမ်၊ ပေါ်တူဂီနှင့် ဘာရာဇီးအသင်းများ အဂရီဘာန့်ဖလားဘောလုံးပြိုင်ပွဲ၌ ပါဝင်ဆင်နွှဲ

**ဟန်နွိုင်း စက်တင်ဘာ ၂၃**

ထိုင်း၊ ဗီယက်နမ်၊ ဘာရာဇီးနှင့် ပေါ်တူဂီတို့မှ အသင်းများပါဝင်သော အဂရီဘာန့်ဖလားဘောလုံးပြိုင်ပွဲကို ဟန်နွိုင်း၌ကျင်းပရာ ဗီယက်နမ်အသင်းက ထိုင်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဗီယက်နမ်တိုက်စစ်မှူး အင်အာယုခ်က ၁၂မိနစ်တွင် ဂိုးသွင်းယူလိုက်ချိန်တွင် ဒင့်ချ်အားကစားကွင်းကြီးတစ်ခုလုံး ငြိမ်သက်ခဲ့သည်။ ၎င်းသည် ဘယ်တောင်ပံနေရာမှ အလွတ်တည်ကန်ဘော ကန်သွင်းရာ၌ ဂိုးဝင်သွားခြင်းဖြစ်သည်။

ဒုတိယဂိုးကို ပွဲချိန် ၁၇မိနစ်အကြာတွင် ဗီယက်နမ်လူငယ်တိုက်စစ်မှူး ဖန်ဗန်ကွေရမ်းက ဝဲဘက်ထောင့်ကန်ဘော ကန်ခဲ့ရာ ရှစ်မီတာအကွာမှ ဖန်ဗန်တိုင်အမ်က ခေါင်းတိုက်သွင်းယူခဲ့ခြင်း ဖြစ်သည်။

ထိုင်းအသင်းအတွက် ချေပဂိုးကို မိနစ် ၃၀တွင် ပီဆာခုကက်အမ်းက ပယ်နယ်တီအစပ်မှ အလွတ်တည်ကန်ဘော ကန်သွင်းရာတွင် ချေပဂိုးရရှိခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် ဗီယက်နမ်ဘောလုံးသမားများသည် ၃း၅း၂ ပုံစံဖြင့် ကစားခဲ့ရာမှ ၄း၃း၃ ကစားကွက်ပုံစံသို့ ပြောင်းလဲကစားခဲ့ကြသည်။

### တစ်ဂိုး-ဂိုးမရှိ

စောစောပိုင်းက ပေါ်တူဂီမှ အက်ဖ်စီပေါ်တိုဘီအသင်းက ဘာရာဇီးမှ ဆန်တာခရုဇ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးထားသည်။

အဂရီဘာန့်ဖလားကို ဗီယက်နမ် စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးဘဏ်က ကြီးမှူးကျင်းပခြင်းဖြစ်၍ တနင်္ဂနွေနေ့တွင် ပြိုင်ပွဲပြီးဆုံးမည်ဖြစ်သည်။ ထိုင်း၊ ဘာရာဇီး၊ ဗီယက်နမ်နှင့် ပေါ်တူဂီအသင်းတို့သည် ပတ်လည်ကစားသွားမည်ဖြစ်သည်။ အဂရီဘာန့်ချန်ပီယံပထမဆုအဖြစ် ဒေါ်လာ ၃၀၀၀၀၊ ဒုတိယဆု ဒေါ်လာ၁၀၀၀၀၊ တတိယဆု ဒေါ်လာ ၅၀၀၀ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ ဆင်ဟွာ**



ဂရိနိုင်ငံ အေသင်မြို့၌(၁၂)ကြိမ်မြောက် မသန်စွမ်းသူများ အားကစားပြိုင်ပွဲကို ကျင်းပလျက်ရှိသည်။ အစ္စရေးမှ ကီရင်က အမျိုးသမီး မီတာ ၁၀၀ ပက်လက်ရေကူးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲပြီး အောင်ပွဲခံနေစဉ်။ **(ဝဲပုံ)**
(သူမသည် တစ်မိနစ် ၁၉ဒသမ၅၅စက္ကန့်ဖြင့် ကမ္ဘာ့စံချိန်သစ်ကို တင်နိုင်ခဲ့သည်။)
**(ဓာတ်ပုံ-အင်တာနက်)**

# အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကျင်းပ လယ်ယာထွက်ကုန်က လယ်ယာ/ဆည်မြောင်းကိုနိုင်

**ရန်ကုန် စက်တင်ဘာ ၂၃**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄ – ၂၀၀၅ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက် ကျင်းပရာ လယ်ယာ ထွက်ကုန်အသင်းက လယ်ယာ/ ဆည်မြောင်းအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

လယ်ယာ/ဆည်မြောင်းအသင်းအတွက် ဦးဆောင်ဂိုးကို ဇင်မင်းလတ်ကသွင်းယူပေးသည်။ လယ်ယာထွက်ကုန်အသင်းအတွက် ချေပဂိုးကို စထက်နိုင်ဝင်းက သွင်းယူသည်။ ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသည်။

လယ်ယာထွက်ကုန်အသင်းအတွက် ဒုတိယဂိုးနှင့် အနိုင်ဂိုးကို စထက်နိုင်ဝင်းကပင် သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် လယ်ယာထွက်ကုန်အသင်းက ပယ်နယ်တီပြစ်ဒဏ်ဘောရရှိရာ စထက်နိုင်ဝင်း ကန်သွင်းသော်လည်း လယ်ယာ/ဆည်မြောင်းအသင်ဂိုးသမား ကာကွယ်နိုင်ခဲ့သည်။

## ယနေ့ပွဲ

စက်တင်ဘာ ၂၄ရက်တွင်**(ယနေ့)**ပွဲမရှိဘဲ စက်တင်ဘာ ၂၅ရက် ညနေ ၄နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးအသင်း၊ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ မြို့တော်စည်ပင်အသင်းနှင့် သစ်တောရေးရာအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

# မိုးကုတ်ဝိပဿနာ ၁၀ရက် တရားစခန်းပွဲ

**ရန်ကုန် စက်တင်ဘာ ၂၃**

မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ပုပ္ပား(၂) မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတွင် လစဉ်တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ ယခု(၁၁၈) ကြိမ်မြောက် တရားစခန်းပွဲတွင်လည်း ပုပ္ပား(၂) မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ဆရာတော်ဘဒ္ဒန္တသောဘန(ဓမ္မာစရိယ L.L.B)၊ ပန်းချီဆရာကြီးဦးလွန်းကြွယ်နှင့် ပုပ္ပား(၃)မိုးကုတ်ဝိပဿနာဓမ္မရိပ်သာဆရာတော် ဘဒ္ဒန္တဇာဂရ(ဓမ္မာစရိယ မဟာဓမ္မာစရိယ) တို့က ကျေးဇူးရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားပြသမည်ဖြစ်ရာ ယောဂီများအနေဖြင့် အောက်တိုဘာ ၁ရက်(သောကြာနေ့) ညနေအရောက်လာကြရန်နှင့် ဖုန်း-၆၉၀၀၅၉သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**


OD Tour

Sep 27,Oct 7

Oct 7,14

Sept 30,Oct 7,14

521(A) ☎ 5048108, 537672

Y.E.S.

Basic Spoken English : SEP- 18,25,27
Pre-Intermediate English : SEP - 13,25,27
SAT (I) & Intermediate English : SEP - 1, 20
English Language Proficiency(4 Skills) : SEP - 13
Grammar Foundation Course : SEP - 18
Basic Writing, Academic Writing : SEP - 27
IELTS, TOEFL, SAT (II), Vocabulary Enrichment
No.198,2nd Flr.,28th St(Upper),Pabedan Tsp. ☎ 243950

SAYA-TONY

(SHELL)

IELTS - သင်တန်းများ

- Spoken English Course
- Grammar & Essay Writing Course
- All Round Development (4 Skills)
- Foreign Going English Course

'ခန်းရောင်းမည်'

၁။ ... ၂၅' × ၅၀' ... (နာရီ ...၊ လျှပ်စစ်ပစ္စည်း ...)

၂။ ... ၆၀' × ၈၀' ... (ဂျပန်ကားပစ္စည်း ...)

Imperial Fruit Group

ဓမ္မဒူတ အရှင်ဆေကိန္ဒ
ဟောကြားတော်မူသော

၅၁၉/၀၄
၁၈-၈-၀၄

၁။ မရသေးတော့ ရနိုင်ပါတယ်
( တရားတော် VCD ) ၂-ချပ်တွဲ

၅၂၀/၀၄
၁၈-၈-၀၄

၂။ အလိုလိုက် အကြိုက်ပါ
( တရားတော် VCD ) ၂-ချပ်တွဲ



## EAGLE GARDEN RESTAURANT

### ဝန်ထမ်းအလိုရှိသည်

**(ပြည်တွင်း၌သာခန့်ထားရန်)**

| | | | |
|---|---|---|---|
| ၁။ | အဆိုတော် | | ၂၅ ဦး |
| ၂။ | ဧည့်ကြို (အခြေခံပညာအထက်တန်းအောင်၊ အသက် ၂၅နှစ်အောက်) | | ၄၀ ဦး |
| ၃။ | ဧည့်ကြိုခေါင်းဆောင် (ဘွဲ့ရ၊ အသက် ၃၀ အောက်) | | ၁၀ ဦး |
| ၄။ | အကင်ဆရာ | (ကျား) | ၂ ဦး |
| ၅။ | ငွေကိုင် (ဘွဲ့ရ၊ အသက် ၃၀ အောက်) | (မ) | ၃ ဦး |

လျှောက်ထားလိုသူများသည် လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် လိုအပ်သော အထောက်အထားပြည့်စုံစွာဖြင့် လူကိုယ်တိုင်လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ - ဝေဇယန္တာလမ်းနှင့် လေးထောင့်ကန်လမ်းထောင့်၊ သုဝဏ္ဏစကိတ်ကွင်း၊ ရန်ကုန်၊ ဖုန်း-၅၇၂၃၆၃။**



ဓမ္မဒွေမိုးဇော်

အာ ဆီ ချ လုပ် ငန်း

(၇)ရက်အတွင်း ဝမ်းဗိုက် အဆီချပေးသည်။

Fitness Centre

THALIA Fitness Centre


# မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ခြံအမှတ် ၃၁(ဘီ)၊ မင်္ဂလာလမ်းနေ (ဦးဟင်နရီဘအုန်း)- ဒေါ်သင်းသင်းမော်တို့၏ တစ်ဦးတည်းသောသား

**မောင်အောင်မင်းစိုး Final Year (Eco)**
**Editor (Sealion Multimedia)**

နှင့်

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ ခြံအမှတ်(၃၁/၁၆၂)၊ စကားဝါလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ဝန်ထမ်းကြီးများရိပ်သာနေ ဗိုလ်ကြီးကျော်စိုး(အငြိမ်းစား)-ဒေါ်ခင်စန်းမြင့်ထွန်း(အထပြ၊ အထက-၃၊ ရွှေပြည်သာ)တို့၏ သမီးကြီး

**မဇာထက်ကျော်စိုး B.A (English), B.C.Sc**

တို့၏ ၁၈-၉-၂၀၀၄ ရက် IBC ခန်းမတွင် ကျင်းပခဲ့သော မင်္ဂလာဧည့်ခံပွဲ၌ အောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝေလွင်နှင့်ဇနီး ဒေါ်ဆွေဆွေဦး၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ်ကျော်သူနှင့်ဇနီး ဒေါ်အေးအေးရီ၊ မင်္ဂလာဧည့်ခံပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ အသိအမှတ်ပြုကြသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများ၊ မေတ္တာဖြင့် ဓာတ်ပုံရိုက်ကူးပေးသော ကိုပီတာနှင့်အဖွဲ့၊ IBCမှ တေးဂီတ၊ ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးရေးအဖွဲ့၊ မင်္ဂလာပွဲအောင်မြင်ပြီးမြောက်အောင် ဝိုင်းဝန်းကူညီပေးကြသူများ၊ IBC မန်နေဂျာနှင့် ဝန်ထမ်းများ၊ ကျေးဇူးတင်ထိုက်သူများ အားလုံးကို မေတ္တာဂါရဝဖြင့် လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်အောင်မင်းစိုး-မဇာထက်ကျော်စိုး။**



## ကျေးလက်အနှံ့ ဖွံ့ဖြိုးတိုးတက်နေသော ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်လုပ်ငန်း



### မြိတ်မြို့နယ်မြိတ်တောင်ကျေးရွာ စာကြည့်တိုက်ဖွင့် အလှူငွေနှင့် စာအုပ်စာတမ်းများ ပေးအပ်လှူဒါန်း

**မြိတ် စက်တင်ဘာ ၁၀**

မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအုပ်စု အောင်မင်္ဂလာလူငယ်များ စာကြည့် တိုက်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ၃ ရက်က အဆိုပါကျေးရွာ စာကြည့်တိုက်၌ ကျင်းပသည်။

<u>ဖဲကြိုးဖြတ်</u>

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးမြတ်သိန်းထွန်းနှင့်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးစန်းလွင်တို့က အောင်မင်္ဂလာလူငယ်များက စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

ဆက်လက်၍ အလှူရှင်များ ကိုယ်စားဆရာမနော်အင်ဘရာစံမင်းက အလှူငွေကျပ် ၉၅၈၀၀နှင့် စာအုပ်စာတမ်း ၄၈၈အုပ်ကို ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**(မြို့နယ် ပြန်/ဆက်)**

### ကြာအင်းဆိပ်ကြီးမြို့တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲများပြုလုပ်

**ကြာအင်းဆိပ်ကြီး စက်တင်ဘာ ၁၅**

ကြာအင်း ဆိပ်ကြီးမြို့ အမှတ်(၁) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ နယ်လှည့် စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၇ ရက်က ပြုလုပ်သည်။

အခမ်းအနားတွင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးဌေးလွင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ထို့နောက်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးဦးဌေးလွင်က ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ခိုင်မြဲရေး အကျယ်တဝင့် ရှင်းလင်းဟောပြောပြီး မဂ္ဂဇင်းစုံ စာအုပ် ၅၀ ပေးအပ်လှူဒါန်းသည်။

**(မြို့နယ် ပြန်/ဆက်)**

### သုတအလင်းရောင် စာကြည့်တိုက်ဖွင့်

**သာစည် စက်တင်ဘာ ၁၂**

'သုတအလင်းရောင်' ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ် ၂၂ ရက်က သာစည်မြို့နယ် အိုင်ဒွန်းကျေးရွာအုပ်စု ပေါက်ချောင်းကျေးရွာတွင် ကျင်းပသည်။**(အောက်ပုံ)** အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလူက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးဝင်းတင့်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ စာအုပ်တိုးပွားရေးနှင့် စာကြည့်တိုက်ရေရှည်တည်တံ့ ခိုင်မြဲရေးတို့ ဆွေးနွေးဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**



**စာတတ်သူတိုင်း စာဖတ်ဖို့ စာကြည့်တိုက်များ ထူထောင်ခို့။**



### ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်



✳ ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဆက်သွယ်ပါ။

✳ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ ရသစာအုပ်များလှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။



### မော်လမြိုင်ကျွန်းမြို့နယ်တွင်ကျေးလက်စာကြည့်တိုက်များဖွင့် စာပေအလှူရှင်များကစာအုပ်၊ စာစောင်များလှူဒါန်း

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၁၈**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက် ဖွင့်ပွဲများကို မော်လမြိုင်ကျွန်းမြို့နယ်အတွင်းဖွင့်လှစ်လျက်ရှိရာ စက်တင်ဘာ ၁၆ရက်က မော်လမြိုင်ကျွန်းမြို့နယ် ထိယာလိစံပြကျေးရွာ သုတစွမ်းအား ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်ဖွင့်ပွဲကို ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဓာတ်ပုံကျွမ်းကျင်(၂) ဦးမြင့်အောင်(မော်ကျွန်းမြင့်အောင်)၊စာကြည့်တိုက်မှူး ဒေါ်နော်မာဂရက်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးဘာဘာကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ယင်းနောက် စာကြည့်တိုက်မှူး ဒေါ်နော်မာဂရက်က စာကြည့်တိုက် ပြုစုပျိုးထောင်ရေးနှင့် ပတ်သက်၍ လည်းကောင်း၊ ဓာတ်ပုံကျွမ်းကျင်(၂) ဦးမြင့်အောင် (မော်ကျွန်းမြင့်အောင်)က စာကြည့်တိုက် အောင်မြင်ရှင်သန်ရေးနှင့် ပတ်သက်၍လည်းကောင်း ဟောပြောကြသည်။

<u>**ပေးအပ်လှူဒါန်း**</u>

ထို့နောက် ထိယာလိစံပြကျေးရွာ သုတစွမ်းအား ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် စာပေအလှူရှင်များက စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းကြရာ ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးဘာဘာကြီးက လက်ခံရယူကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**





**ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လှူလာစို့**

### ဖွင့်လှစ်

ဩဂုတ်၂၆ရက်က လားရှိုးမြို့ မန်ကတ် (ဟန့်တိုက်) ကျေးရွာအုပ်စုကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲတွင် ပြည်နယ်အာမခံလုပ်ငန်း ပြည်နယ်မှူး ဦးဝင်းနောင်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌဦးဆန်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(ခရိုင် ပြန်/ဆက်)

# ချန်ပီယံအာဆင်နယ် ရှုံးပွဲမရှိစံချိန် ဆက်ထိန်းနိုင်မလား မန်ယူနှင့်ချယ်လ်ဆီး အဝေးကွင်း၌ ပွဲကျပ်ကစားရဖွယ်

ကိုထွေး

ရန်ကုန် စက်တင်ဘာ ၂၃

**အင်္ဂလိပ်ပရီမီးယားလိဂ် ပွဲစဉ်(၇)ကို စက်တင်ဘာ ၂၅ရက်၊ ၂၆ရက်နှင့် ၂၇ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်ရာ အာဆင်နယ်၊ မန်ယူနှင့် ချယ်လ်ဆီးတို့ အဝေးကွင်းသို့ သွားရောက်ကစားကြရမည်ဖြစ်သည်။ မန်ယူက တော့တင်ဟမ်ဟော့စပါးနှင့် ကစားရမည်ဖြစ်၍ ပွဲကျပ်နေပြီး ချယ်လ်ဆီးကလည်း မစ်ဒယ်ဘရော့ကွင်း၌ ခက်ခက်ခဲခဲ ရင်ဆိုင်ရမည့် အနေအထားပင်ဖြစ်သည်။ လက်ရှိချန်ပီယံ အာဆင်နယ်နှင့် ခြေပြန်တက်နေသော မန်စီးတီးတို့ ဆုံတွေ့ကြရမည်ဖြစ်ရာ အာဆင်နယ်၏ ရှုံးပွဲမရှိစံချိန် ရပ်တန့်သွားလေမလား စိတ်ဝင်စားစရာပင် ဖြစ်သည်။ လီဗာပူး၊ အက်စတွန်ဗီလာနှင့် နယူးကာဆယ်တို့ ပထမတန်းမှ တက်လာသောအသင်းများနှင့် ကစားရမည်ဖြစ်ရာ သုံးမှတ်အပြည့်ယူကြရမည့် ပွဲစဉ်ပင်ဖြစ်သည်။**

## မစ်ဒယ်ဘရော့-ချယ်လ်ဆီး

စက်တင်ဘာ ၂၅ ရက်ပွဲစဉ်များအနက် မစ်ဒယ်ဘရော့နှင့် ချယ်လ်ဆီးပွဲစဉ်မှာ ပရိသတ်အကြိုက်တွေ့မည့် ပွဲကြီးပွဲကောင်းပင် ဖြစ်သည်။ ယခုနှစ်ဘောလုံးရာသီ၌ ဘောလုံးသမားဖြည့်တင်းမှု ကြီးကြီးမားမား ပြုလုပ်ထားသည့် နှစ်သင်းဆုံတွေ့ခြင်း ဖြစ်သကဲ့သို့ ချယ်လ်ဆီးတိုက်စစ်မှူးဟောင်း ဟက်ဆယ်ဘိန့်ခ် အသင်းဟောင်းနှင့် ပြန်လည်ရင်ဆိုင်ရခြင်းဖြစ်၍ စိတ်လှုပ်ရှားစရာပင်ဖြစ်သည်။ ပွဲစဉ်(၆)၌ မစ်ဒယ်ဘရော့က အဲဗာတန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးခဲ့ပြီး ချယ်လ်ဆီးက တော့တင်ဟမ်ဟော့စပါးနှင့် ဂိုးမရှိသရေကျခဲ့သည်။ မစ်ဒယ်ဘရော့ သုံးပွဲဆက်တိုက်နိုင်ထားရာမှ အဲဗာတန်ကို ရှုံးလိုက်သည်မှာ အထူးနစ်နာလှသည်။ ချယ်လ်ဆီးကလည်း ဂိုးသွင်းအား မကောင်းသည့်တိုင် ပွတ်ကာသီကာ နိုင်ပွဲဆက်နေရာမှ တော့တင်ဟမ်နှင့် သရေကျ၍ အာဆင်နယ်နှင့် အမှတ်တူနိုင်သည့်အခွင့်အရေး ဆုံးရှုံးခဲ့ရသည်။

ယမန်နှစ် ဆုံတွေ့မှု၌ မစ်ဒယ်ဘရော့ကွင်း၌ ချယ်လ်ဆီးက နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ချယ်လ်ဆီးကွင်း၌ဂိုးမရှိ သရေကျခဲ့သည်။ ချယ်လ်ဆီးတို့ ချန်ပီယံလိဂ်၌ ပီအက်စ်ဂျီကို အဝေးကွင်း၌ သုံးဂိုးပြတ်အနိုင်ယူခဲ့သလို မစ်ဒယ်ဘရော့ကို ဂိုးပြတ်နိုင်ရန် မလွယ်ပေ။ မစ်ဒယ်ဘရော့က အိမ်ကွင်းမာကျောသည့် အချက်ကိုလည်း ထည့်တွက်သင့်သည်။ မစ်ဒယ်ဘရော့ တိုက်စစ်အတွဲ မာ့ခ်ဗီဒူကာနှင့် ဟက်ဆယ်ဘိန့်ခ်တို့ ချယ်လ်ဆီးနောက်တန်းကို ကျော်ဖြတ်ဂိုးသွင်းနိုင်စွမ်းရှိသည်။ သရေပွဲဖြစ်ရန်များပြီး အနိုင်အရှုံးပေါ်ခဲ့သော် ချယ်လ်ဆီးက ပွတ်ကာသီကာ နိုင်သွားမည်ဟုထင်မိသည်။ မစ်ဒယ်ဘရော့နှင့် ချယ်လ်ဆီးပွဲကို မြန်မာစံတော်ချိန် ညနေ ၆နာရီ ၁၅မိနစ်တွင် ကြည့်ကြရမည်ဖြစ်သည်။

## အက်စတွန်ဗီလာ-ခရစ္စတယ်ပဲလေ့စ်

အတန်းတက်အသင်းများထဲ၌ ခရစ္စတယ်ပဲလေ့စ်အားအနည်းဆုံးဖြစ်သည်မှာ တစ်ပွဲထက်တစ်ပွဲ ထင်ရှားလာသည်။ ခြောက်ပွဲကစားရာတွင် သရေတစ်ပွဲကျပြီး ငါးပွဲရှုံးထားရာ ခရစ္စတယ်ပဲလေ့စ်လင်းယုန်တို့ အမှတ်ပေးဇယားအောက်ဆုံး၌ ကျောက်ချနေဆဲဖြစ်သည်။ အက်စတွန်ဗီလာကွင်း ဗီလာပတ်၌ ကစားရခြင်းကလည်း ခရစ္စတယ်ပဲလေ့စ်လင်းယုန်တို့ ဂိုးပြတ်မရှုံးရန်သာ အာရုံစိုက်ရမည်ဖြစ်ပြီး သရေပင် မမျှော်မှန်းနိုင်ပေ။ ပွဲစဉ်(၆)၌ အက်စတွန်ဗီလာက အတန်းတက်နော်ဝစ်ချ်နှင့် ဂိုးမရှိသရေကျခဲ့ရာ ယခုပွဲစဉ်၌ အနိုင်ရရှိရေး အထူးကြိုးစား ကစားမည်ဖြစ်သည်။ ဗီလာပတ်၌ နယူးကာဆယ်ကို လေးဂိုး-နှစ်ဂိုးဖြင့်နိုင်၊ ချယ်လ်ဆီးကို ဂိုးမရှိ သရေကစားထားသော ရလဒ်များအရ အိမ်ကွင်း၌ ခြေစွမ်းထက်သည်မှာ သေချာနေသည်။ အက်စတွန်ဗီလာတို့ ဂိုးပြတ်နိုင်ပြီး သုံးမှတ်အပြည့် ယူသွားမည့်ပွဲပင်ဖြစ်သည်။

## ဖူဟမ်-ဆောက်သမ်တန်

ယခုနှစ် ဘောလုံးရာသီ အစပိုင်း၌ နှစ်သင်းစလုံး ရလဒ်များ ဆိုးရွားနေပြီး အမှတ်ပေးဇယားအောက်ပိုင်း၌ ရပ်တည်နေကြသည်။ ပွဲစဉ်(၆)၌ ဖူဟမ်က အတန်းတက် ဝက်စ်ဘရွန်းနှင့် ဂိုးမရှိသရေကျခဲ့ပြီး ဆောက်သမ်တန်က အိမ်ကွင်း၌ နယူးကာဆယ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးထားသည်။ ယမန်နှစ်ဆုံတွေ့မှု၌ ဖူဟမ်ကွမ်းတွင် ဖူဟမ်က နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ဆောက်သမ်တန်ကွင်း၌ ဂိုးမရှိ သရေကျခဲ့သည်။ စိန့်တို့ တစ်ပွဲသာအနိုင်ရထားပြီး လေးပွဲ ရှုံးထားသည်။ ယခုပွဲ၌လည်း စိန့်တို့အခြေအနေကောင်းလာဦးမည် မထင်ပေ။ ဒဏ်ရာရသူများနေသည့် ဆောက်သမ်တန်အနေဖြင့် အဝေးကွင်း၌ ဖူဟမ်ဆီမှ တစ်မှတ်ဖဲ့ယူနိုင်လျှင် တော်လှပြီဖြစ်သည်။ ဘော်လတန်ကို အိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ကစားခဲ့သော ခြေစွမ်းမျိုးသာပြန်ရလျှင် ဖူဟမ်တို့ အမှတ်ပြည့်ရမည့်ပွဲပင်ဖြစ်သည်။ သို့သော် ဖူဟမ်တို့ ခြေအတက်အကျ မမှန်ခြင်းက သရေဖြစ်ရန်များနေသည်။ ဖူဟမ်နိုင်မည့်ဘက်မှ မဝံ့မရဲ ရပ်ကြည့်ချင်သည်။

## လီဗာပူး-နော်ဝစ်ချ်

အတန်းတက် နော်ဝစ်ချ်ကိုမှ လီဗာပူးအနိုင်မရခဲ့လျှင် ချန်ပီယံဆုအတွက် မမျှော်လင့်နိုင်ရုံသာမက ချန်ပီယံလိဂ်ဝင်ခွင့်အတွက်ပင် ရင်လေးစရာ ဖြစ်သွားနိုင်သည်။ ပွဲစဉ်(၆)၌ မန်ယူကိုရှုံးလိုက်ခြင်းကြောင့် လီဗာပူးတို့ မန်ယူကို ကျော်တက်ခွင့် ပေးလိုက်ရသည်။ နည်းပြသစ် ဘင်နီတက်ဇ်၏ လက်ထက်၌ လီဗာပူး တိုးတက်မှု သိသိသာသာ မရှိခြင်းကို မန်ယူနှင့်ပွဲက သက်သေပြနေသည်။ ချန်ပီယံလိဂ်၌ မိုနာကို ကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည့်ခြေစွမ်းကို အားရမိသော်လည်း ပရီမီးယားလိဂ်၌ ထင်သလောက် မဟုတ်သေးပေ။ သို့သော် အန်ဖီးလ်ကွင်း၌ နော်ဝစ်ချ်ကို နိုင်ရန် မခက်သလို ဆစ်ဆီနှင့်ဘားရို့စ်တို့ ခြေမြူးလျှင် ဂိုးပြတ်သွားနိုင်သည်။ အတန်းတက်ဝက်စ်ဘရွန်းကို သုံးဂိုးပြတ်နိုင်ခဲ့သည့် သာဓကကို ထည့်စဉ်းစားလျှင် လီဗာပူးဘက်မှ ပြတ်ပြတ်သားသား ရပ်သင့်ပေသည်။

## မန်စီးတီး-အာဆင်နယ်

စက်တင်ဘာ ၂၅ရက် ပွဲစဉ်များအနက် မန်စီးတီးနှင့် အာဆင်နယ်ပွဲမှာ စောင့်ကြည့်သင့်သော ပွဲတစ်ပွဲဖြစ်သည်။ ပွဲစဉ်(၆)၌ ခရစ္စတယ်ပဲလေ့စ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်လိုက်၍ မန်စီးတီးနည်းပြ ကီဗင်ကီးဂန်း အသက်ရှူချောင်ခဲ့ရသည်။ အာဆင်နယ်က ဘော်လတန်နှင့် နှစ်ဂိုးစီသရေကျခဲ့ရာ ငါးပွဲဆက်တိုက် နိုင်ပွဲရပ်တန့်သွားသည်။ သို့သော် အာဆင်နယ်တို့ ပရီမီးယားလိဂ်(၄၆)ပွဲဆက်တိုက် ရှုံးပွဲမရှိစံချိန်တင်နိုင်ပြီး ချယ်လ်ဆီးထက် နှစ်မှတ်သာနေဆဲဖြစ်သည်။ ယမန်နှစ်ဆုံတွေ့မှု၌ မန်စီးတီးကွင်း၌ အာဆင်နယ်က နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပြီး အာဆင်နယ်ကွင်း၌ အာဆင်နယ်ကပင် နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။ အာဆင်နယ်က မန်စီးတီးကိုငယ်နိုင်လိုဖြစ်နေပြီး ငါးဂိုးပြတ်၊ လေးဂိုးပြတ်နိုင်သည့် ပွဲများပင်ရှိသည်။ အာဆင်နယ်တို့ ဘော်လတန်နှင့် သရေကျခဲ့ရာ ခြေပျက်ပြီဟု ပြော၍မရဘဲ ခြေစွမ်းပြနေဆဲ ဖြစ်သည်။ ဘော်လတန်တို့ အခွင့်အရေးကို အသုံးချနိုင်၍သာ တစ်မှတ်ရခဲ့ခြင်း ဖြစ်သည်။

မန်စီးတီးအနေဖြင့် အိမ်ကွင်း အရှိန်ဖြင့် အနည်းဆုံး သရေရအောင် ခံကစားမည်ဖြစ်သည်။ အာဆင်နယ်တိုက်စစ်ကို ထိန်းချုပ်ရန် မလွယ်ကူ၍ ဂိုးပေးရမည့် အချက်က သေချာနေသည်။ အာဆင်နယ် တိုက်စစ်အားကောင်းသလောက် နောက်တန်းကလည်း ဂိုးတွေပြန်ပေးနေရသည်။ အာဆင်နယ်ခံစစ်မှူး ဆိုးကင်းဘဲလ် ကစားနိုင်ဦးမည်မဟုတ်၍ မန်စီးတီးတိုက်စစ်မှူး အနယ်လ်ကာအနေဖြင့် အသင်းဟောင်းကို ဂိုးသွင်းနိုင်ခဲ့လျှင် အံ့ဩစရာမဟုတ်ပေ။ အာဆင်နယ် အနိုင်ရမည့်ဘက်မှ ရပ်သင့်သော်လည်း ဂိုးကွာခြားချက် မများနိုင်သည့်အချက်ကို ထည့်တွက်ရမည်ဖြစ်သည်။



**ပရီမီးယားလိဂ် ပွဲစဉ်(၆) အာဆင်နယ်နှင့် ဘော်လတန်တို့ပွဲတွင် ဘော်လတန် တိုက်စစ်မှူး ဂျေဂျေအိုကိုချာ(ယာ)နှင့် အာဆင်နယ်အလယ်တန်းလူ ဂီလ်ဘာတို ဆေးဗားလ်(ဝဲ)တို့ အကြိတ်အနယ် ယှဉ်ပြိုင်နေစဉ်။ (အဆိုပါပွဲတွင် နှစ်ဂိုးစီ သရေပွဲ ဖြစ်သွားသည်။)**

(ဓာတ်ပုံ-အင်တာနက်)

## နယူးကာဆယ်-ဝက်စ်ဘရွန်း

နည်းပြသစ် ဆောင်းနက်လက်ထက်တွင် နယူးကာဆယ် ရလဒ်ကောင်းများ ရရှိနေသည်။ ပွဲစဉ် (၆) ၌ ဆောက်သမ်တန်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းမှာ နယူးကာဆယ်တို့ စိတ်အားတက်စရာပင်ဖြစ်သည်။ ယူအီးအက်ဖ်အေ ဖလားပွဲ၌လည်း အစ္စရေးမှ လပ်ဆက်ချ်နင်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဝက်စ်ဘရွန်းက သရေလေးပွဲ၊ အရှုံးနှစ်ပွဲဖြင့် အနိုင်ကိုရှာမတွေ့ဘဲ ဖြစ်နေသည်။ နယူးကာဆယ် တိုက်စစ်မှူးများဖြစ်ကြသည့် ကလွိုက်ဗတ်၊ အလန်ရှီးယားနှင့် ခရိတ်ဘယ်လာမီတို့ အိမ်ကွင်း၌ ခြေစွမ်းပြကစားပြီး ဂိုးအပြိုင်သွင်းခဲ့လျှင် ဂိုးပြတ်အနိုင်ရမည်ဖြစ်သည်။ ဝက်စ်ဘရွန်းအနေဖြင့် သရေကိုသာ အမြင့်ဆုံး မျှော်မှန်းနိုင်မည် ဖြစ်သည်။ စည်းကမ်းကြီးသော နည်းပြဆောင်းနက်၏ ပထမဆုံး အိမ်ကွင်းပွဲစဉ်ဖြစ်ရာ နယူးကာဆယ် အနိုင်ရသွားဖွယ်ရှိသော်လည်း ဂိုးများများ သွင်းနိုင်ပါ့မလား စဉ်းစားစရာ ဖြစ်သည်။

## တော့တင်ဟမ်ဟော့စပါး-မန်ယူ

နောက်တန်းလူ ရီယိုဖာဒီနန် ပြန်လည်ကစားခြင်းနှင့်အတူ လီဗာပူးကို အနိုင်ရလိုက်ခြင်းကြောင့် မန်ယူတို့ နာလန်ထူတော့မည့် အရိပ်အယောင်များ ပြသလာသည်။ အာဆင်နယ်နှင့် ချယ်လ်ဆီးတို့ သရေပွဲများဖြစ်သွားစဉ် မန်ယူကသုံးမှတ်အပြည့်ရလိုက်ခြင်းကြောင့် ချန်ပီယံဆုအတွက် မျှော်လင့်ချက်မကုန်သေးသည့် သဘောပင်ဖြစ်သည်။ သို့သော် ထိပ်ဆုံးမှ အာဆင်နယ်နှင့် ခုနစ်မှတ်ကွာနေသေးသည်ဖြစ်ရာ လက်ကျန်ပွဲများ၌ အနိုင်ရရှိရေးအတွက် ခြေကုန်ထုတ်ရမည် ဖြစ်သည်။

တော့တင်ဟမ် နောက်တန်းမှာ ယခင်နှစ်များနှင့်မတူဘဲ များစွာတောင့်တင်းလာသည်။ မန်ယူနောက်တန်း၌ ရီယိုဖာဒီနန် ပါဝင်လာ၍ စိတ်ချရပြီဖြစ်သော်လည်း တိုက်စစ်မှူးများ ဂိုးပေါက်ပျောက်နေသည်။ ပွဲစဉ်(၆)၌ လီဗာပူးကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့ရာ တိုက်စစ်မှူးများ ဂိုးမသွင်းနိုင်ဘဲ နောက်တန်းလူ ဆီဗက်စတာက နှစ်ဂိုးစလုံး ခေါင်းတိုက်သွင်းယူခဲ့ခြင်း ဖြစ်သည်။ ယမန်နှစ် ဘောလုံးရာသီ၌ ဆုံတွေ့ခဲ့မှုတွင် တော့တင်ဟမ်ကွင်း၌ မန်ယူက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပြီး မန်ယူကွင်း၌ မန်ယူကပင် သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယခုနှစ် တော့တင်ဟမ်ဟော့စပါးက ယခင်တော့တင်ဟမ်ဟော့စပါးထက် များစွာအင်အားတောင့်တင်းလာပြီဖြစ်သည်။ တော့တင်ဟမ်ကွင်း ဝိုက်ဟတ်လိန်း၌ မန်ယူတို့ အနိုင်ရရန် မလွယ်ကူဘဲ သရေတစ်မှတ်နှင့် ကျေနပ်ရဖွယ်ရှိသည်။ တော့တင်ဟမ်ဟော့စပါးနှင့် မန်ယူပွဲကို စက်တင်ဘာ ၂၅ရက် မြန်မာစံတော်ချိန် ည ၈နာရီခွဲ၌ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

## ဘော်လတန်-ဘာမင်ဂမ်

စက်တင်ဘာ ၂၅ရက် မြန်မာစံတော်ချိန် ည ၁၀နာရီ မိနစ် ၅၀၌ ဘော်လတန်နှင့် ဘာမင်ဂမ်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ မြဝတီရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသဖွယ်ရှိသည်။ ဘော်လတန်ကွင်း ရီဘော့စ်တေဒီယမ်၌ ကစားရမည်ဖြစ်ရာ အိမ်ရှင်ဘော်လတန်တို့ သုံးမှတ်အပြည့်ရသွားဦးမည် ဖြစ်သည်။ လက်ရှိချန်ပီယံ အာဆင်နယ်လိုပင် အရှုံးမှ သရေကျအောင်ကစားခဲ့သော ဘော်လတန်ခြေစွမ်းမှာ အသင်းကြီးအဆင့် ဝင်လာပြီဖြစ်ကြောင်း ပြသနိုင်ခဲ့သည်။ ဘော်လတန်တိုက်စစ်မှူး ပီဒါဆန်က လေးဂိုးသွင်းထားပြီး အိုကိုချာက သုံးဂိုးသွင်းပေးထားသည်။ ပီဒါဆန်၏ ခေါင်းတိုက်ချက် အားပါလှသလို အိုကိုချာ၏ ဘောလုံးကျွမ်းကျင်မှုဖြင့် လှည့်စားထွက်ဟန်ကလည်း ကြိုက်လောက်စရာပင် ဖြစ်သည်။ ယမန်နှစ် ဆုံတွေ့မှု၌ ဘော်လတန်ကွင်း၌ ဘာမင်ဂမ်က တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ဘာမင်ဂမ်ကွင်း၌ ဘာမင်ဂမ်ကပင် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ပွဲစဉ်(၆)၌ ဘာမင်ဂမ်က ချာလ်တန်နှင့် တစ်ဂိုးစီသရေကျခဲ့သည်။ ဘာမင်ဂမ်က အိမ်ကွင်းမာသော်လည်း အဝေးကွင်းရလဒ် မစွံလှပေ။ ဘော်လတန်တို့၏ ခြေစွမ်းထက်နေချိန်၌ ဘာမင်ဂမ်တို့ လက်ချည်းဗလာ အိမ်ပြန်ရမည့်သဘောပင်ဖြစ်သည်။ ဘော်လတန် အနိုင်ရသည့် ဘက်က အခိုင်အမာ ရပ်တည်ချင်မိသည်။

## ပို့စ်မောက်-အဲဗာတန်

ပို့စ်မောက်နှင့်အဲဗာတန်ပွဲကို စက်တင်ဘာ ၂၆ရက် မြန်မာစံတော်ချိန် ည ၉နာရီခွဲ၌ ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ မြဝတီရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့် ပြသဖွယ်ရှိသည်။ အိမ်ကွင်းရလဒ်ကောင်းသော ပို့စ်မောက်နှင့် နိုင်ပွဲဆက်နေသော အဲဗာတန်တို့၏ ပွဲစဉ်ဖြစ်ရာ ကြည့်ကောင်းမည့်ပွဲပင် ဖြစ်သည်။ အဲဗာတန်တိုက်စစ်မှူး ဝိန်းရူနီ အသင်းပြောင်းသွားပြီးကာမှ အဲဗာတန်အသင်း နိုင်ပွဲများ ရရှိကာ အမှတ်ပေးဇယားတတိယနေရာသို့ပင် တက်လာပြီဖြစ်သည်။ အဲဗာတန်နည်းပြ မိုရက်စ် ရာသီအစပိုင်း၌ အခြေအနေမကောင်းဟု သုံးသပ်ခဲ့ကြသော်လည်း ယခုရလဒ်များ အရ စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းခြင်း ခံရဖွယ် ရှိသည်။ ပို့စ်မောက်က ပွဲစဉ်(၆)၌ ဘလက်ဘန်းကို တစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးကာ အထိနာခဲ့ရသည်။ အဲဗာတန်က မစ်ဒယ်ဘရော့ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ကစားပြီး မထင်မှတ်သောအဖြေကိုလုပ်ပြခဲ့သည်။ အဲဗာတန် ခြေစွမ်းထက်နေပြီလားဆိုသည်ကို ယခုပွဲက အဖြေပေးနိုင်သည်။ အဲဗာတန်နိုင်ချေရှိသော်လည်း ပို့စ်မောက်တို့ အိမ်ကွင်းမာသည့်အချက်ကိုထည့်တွက်လျှင် သရေပွဲဖြစ်သွားလေမလား တွေးထင်မိသည်။

## ချာလ်တန်-ဘလက်ဘန်း

စက်တင်ဘာ ၂၇ရက်၌ ယှဉ်ပြိုင်ကစားမည့် ချာလ်တန်နှင့် ဘလက်ဘန်းပွဲမှာ မထင်မှတ်ဘဲ အကြိတ်အနယ်ရှိလာနိုင်သည်။ ချာလ်တန်ကွင်း၌ ကစားရသည်ဖြစ်ရာ ချာလ်တန်နိုင်ချေရှိပြီး ဘလက်ဘန်းသရေသာ မျှော်လင့်နိုင်သည်။ ယမန်နှစ်ဆုံတွေ့မှု၌ ချာလ်တန် ကွင်းတွင် ချာလ်တန်က သုံးဂိုး-နှစ်ဂိုးဖြင့်နိုင်ပြီး ဘလက် ဘန်းကွင်း၌ ချာလ်တန်ကပင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ပွဲစဉ် (၆) ၌ ဘလက်ဘန်းက ပို့စ်မောက်ကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ကာ အဖိုးတန် သုံးမှတ်ရလိုက်သည်။ ချာလ်တန်က ဘာမင်ဂမ်နှင့် တစ်ဂိုးစီသရေကျ၍ အဆင့် ၁၀သို့ ဆင်းသွားရသည်။ ချာလ်တန်တို့ ပုံမှန်ခြေစွမ်းရလျှင် မရှုံးနိုင်သော်လည်း ခြေမှန်ရပ့ါမလား စဉ်းစားသင့်သည်။ ဘလက်ဘန်းက မန်ယူကို သရေကစားထားသည့်အချက်ကို မမေ့လျှင် အိမ်ရှင်ကိုယုံပြီး ပုံမအပ်သင့်ပေ။ လမ်းမှန်ကမ်းမှန်အရ ချာလ်တန် အနိုင်ရသင့်သော်လည်း ပရီမီးယားလိဂ်၌ ဘာမဆိုဖြစ်လာတတ်သည်ဖြစ်ရာ သရေမှန်းထားမှ တော်ကာကျပေလိမ့်မည်။ ။

**(မြန်မာ့အလင်း)**

## ပရီမီးယားလိဂ်ရပ်တည်မှုအနေအထား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | သွင်း | ပေး | ရမှတ် |
|---|---|---|---|---|---|---|---|---|
| ၁ | အာဆင်နယ် | ၆ | ၅ | ၁ | ၀ | ၂၀ | ၇ | ၁၆ |
| ၂ | ချယ်လ်ဆီး | ၆ | ၄ | ၂ | ၀ | ၆ | ၁ | ၁၄ |
| ၃ | အဲဗာတန် | ၆ | ၄ | ၁ | ၁ | ၈ | ၆ | ၁၃ |
| ၄ | ဘော်လတန် | ၆ | ၃ | ၂ | ၁ | ၁၁ | ၈ | ၁၁ |
| ၅ | တော့တင်ဟမ် | ၆ | ၂ | ၄ | ၀ | ၄ | ၂ | ၁၀ |
| ၆ | မစ်ဒယ်ဘရော့ | ၆ | ၃ | ၁ | ၂ | ၁၁ | ၁၀ | ၁၀ |
| ၇ | အက်စတွန်ဗီလာ | ၆ | ၂ | ၃ | ၁ | ၇ | ၆ | ၉ |
| ၈ | မန်ယူ | ၆ | ၂ | ၃ | ၁ | ၇ | ၆ | ၉ |
| ၉ | နယူးကာဆယ် | ၆ | ၂ | ၂ | ၂ | ၁၁ | ၁၀ | ၈ |
| ၁၀ | ချာလ်တန် | ၆ | ၂ | ၂ | ၂ | ၇ | ၁၀ | ၈ |
| ၁၁ | လီဗာပူး | ၅ | ၂ | ၁ | ၂ | ၇ | ၅ | ၇ |
| ၁၂ | မန်စီးတီး | ၆ | ၂ | ၁ | ၃ | ၈ | ၆ | ၇ |
| ၁၃ | ပို့စ်မောက် | ၅ | ၂ | ၁ | ၂ | ၉ | ၈ | ၇ |
| ၁၄ | ဘာမင်ဂမ် | ၆ | ၁ | ၂ | ၃ | ၄ | ၆ | ၅ |
| ၁၅ | ဖူဟမ် | ၆ | ၁ | ၂ | ၃ | ၇ | ၁၁ | ၅ |
| ၁၆ | ဘလက်ဘန်း | ၆ | ၁ | ၂ | ၃ | ၅ | ၁၁ | ၅ |
| ၁၇ | ဆောက်သမ်တန် | ၆ | ၁ | ၁ | ၄ | ၆ | ၁၀ | ၄ |
| ၁၈ | ဝက်စ်ဘရွန်း | ၆ | ၀ | ၄ | ၂ | ၅ | ၉ | ၄ |
| ၁၉ | နော်ဝစ်ချ် | ၆ | ၀ | ၄ | ၂ | ၅ | ၉ | ၄ |
| ၂၀ | ခရစ္စတယ်ပဲလေ့စ် | ၆ | ၀ | ၁ | ၅ | ၅ | ၁၃ | ၁ |

# ကျော့သောင်း-ပုလုံးတုံတုံးတံတား တည်ဆောက်ပြီးစီးမှု ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုစစ်ဆေး ဖြစ်ထွန်းအောင်မြင်နေသောကျော်ဇေယျနှင့်လုံးသွယ်မွေးမျိုး မိုးစပါးစိုက်ခင်းကြည့်ရှု

ရန်ကုန် စက်တင်ဘာ ၂၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာကြရာ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် တနင်္သာရီတိုင်း ကော့သောင်းမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များအား တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ

စာမျက်နှာ ၁၁ ကော်လံ ၁ ●



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တနင်္သာရီတိုင်း ကော့သောင်းခရိုင် ကော့သောင်းမြို့ရှိ ကော့သောင်း-ပုလုံးတုံတုံးတံတား တည်ဆောက်ရေးလုပ်ငန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



ကန်တော်ကြီးဥယျာဉ်နှင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ပေါင်းကူး ဆက်သွယ်ထားသည့် လူကူးသံပေါင်တံတားပုံစံငယ်ကို ဤသို့ တွေ့ရသည်။

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- * စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



# ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် အပန်းဖြေမည့်သူများ ယာဉ်အန္တရာယ်ကင်းစွာသွားလာနိုင်ရေး လူကူးတံတားတည်ဆောက်နေ

သတင်းမှတ်စုနှင့် ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၃

ရန်ကုန်မြို့ကို အဆင့်မီ မြို့တော်အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုး တိုးတက်သာယာလှပစေရန် ဘက်စုံထောင့်စုံမှ အဆင့်မြင့်မြို့တော်အဖြစ် တည်ဆောက် လျက်ရှိရာ ရန်ကုန်မြို့၏ အထင်ကရ ဥယျာဉ်ကြီး တစ်ခုဖြစ်သည့် ကန်တော်ကြီးဥယျာဉ်ကြီးအား ဘက်ပေါင်းစုံမှ သာယာလှပစေရန် ဇုန်လေးဇုန်ခွဲ၍ တည်ဆောက်လျက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၄ ■

ကန်တော်ကြီးဥယျာဉ်နှင့် ရန်ကုန်တိရစ္ဆာန် ဥယျာဉ်ကို ဆက်သွယ်ထားသည့် တံတားအကျယ် ၉ပေ၊ အရှည် ၉၁ ပေနှင့် တံတားကင်းလွတ်အမြင့် ၁၇ ပေရှိ လူကူးသံပေါင်တံတားကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (လမ်း/တံတား) ဌာနက တာဝန်ယူတည်ဆောက်လျက်ရှိရာ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ မကြာမီဖွင့်လှစ်တော့မည့် လူကူးတံတား တည်ဆောက်ပြီးစီးမှု အခြေအနေကို စက်တင်ဘာ ၂၃ ရက်က ဤသို့ တွေ့ရသည်။

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

## စာပေဒါန

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင် လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်-

နေ့ရက် - ၂၄-၉-၂၀၀၄ (သောကြာနေ့)

အချိန် - ညနေ ၃ နာရီ မိနစ် ၃၀

နေရာ - ပြန်ကြားရေးဝန်ကြီးဌာန၊ အစည်းအဝေး ခန်းမ။

စာပေဒါနပြုလိုကြသော စေတနာရှင်၊ အလှူရှင်များ အချိန်မီ တက်ရောက်လှူဒါန်းနိုင်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
၂၂-၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။
ဖုန်း-၃၇၁၃၃၉၊ ၃၇၉၇၆၉၊ ၃၇၉၇၇၀